# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
(၂၉)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၈၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ

ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ၁၂-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစောမိုးမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဉ်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဖခင်၏နာရေး။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်။ ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်နှင့် ဗိုလ်မှူးသန်းဇော်ထွန်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ(၁၇)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၇)ဦးအား လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## မြို့ပြနှင့်ကျေးလက် ပညာရေးကဏ္ဍ ကွာဟချက်များကို အချိန်မီ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန် က မြို့ပြနှင့်ကျေးလက် ပညာရေးကဏ္ဍ ကွာဟချက်များကို အချိန်မီ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ မင်္ဂလာနံနက်ခင်းပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး (၃၈)ဖြာ မင်္ဂလာနဲ့ ပြည့်စုံကြပါစေကြောင်း ပတ္ထနာပြု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတာကတော့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရဲ့ ပညာရေးကဏ္ဍဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက အနည်းငယ်ထပ်တိုးပေးဖို့ ကြိုတင်မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။ ပညာရေးကဏ္ဍမှာ မြို့ပြပညာရေးနှင့် ကျေးလက်ပညာရေးကဏ္ဍဆိုပြီးတော့ ပညာရေးကဏ္ဍနှစ်မျိုးနှစ်စား ရှိနေတယ်လို့ သုံးသပ်မိပါတယ်။ မြို့ပြပညာရေးကဏ္ဍမှာ သွင်ပြင်လက္ခဏာရော ဝန်ထမ်းအင်အားပါ အတန်အသင့် ကောင်းမွန်တာကို တွေ့မြင်ရပေမယ့် ကျေးလက်ပညာရေးကဏ္ဍမှာ ဘက်ပေါင်းစုံ လိုအပ်ချက်တွေ၊ အားနည်းချက်တွေ များနေတာကို မြင့်တွေ့ရပါတယ်။ “ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့” ဆိုတဲ့ ဗွီနိုင်းဆိုင်းဘုတ်တင်ထားတဲ့ ကျောင်းဆောင်မှာ ကြယ်မြင် လမြင် သက်ကယ်မိုး၊ ထရံကာနဲ့ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမတွေဟာ ထီးဆောင်းပြီး ကလေးတွေကို စာသင်ပေးရပါတယ်။ ကလေးတွေကျတော့ ဝါးလုံးထိုင်ခုံနှင့် ဝါးသဲ့ခင်း စာရေးခုံတွေမှာ ခမောက်ဆောင်းပြီး ပညာသင်ယူကြရပါတယ်ခင်ဗျား။

ဝန်ထမ်းဆရာ၊ ဆရာမတွေ မလုံလောက်တဲ့အခါကျတော့ သင်ရိုးမကုန်ဘဲနဲ့ ပညာသင်နှစ်သာ ကုန်သွားတာမို့လို့ ကျေးလက်နေ ကျောင်းသူ၊ ကျောင်းသားတွေဟာ အလယ်တန်းအဆင့်သာ ရောက်ခဲ့ပေမယ့် ကိုယ့်နာမည်ကို ဂဃနဏ မရေးနိုင်ကြရှာပါ။ ကျေးလက်ပညာသင်ကျောင်းတွေမှာ အစမ်းခန့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမတွေ၊ လုပ်သက်နု ဆရာ၊ ဆရာမတွေ၊ ပြဿနာတစ်ခုခုကြောင့် လွှင့်လာတဲ့ ဆရာ၊ဆရာမတွေ၊ ဒါမှမဟုတ် လစ်လပ်ဝန်ထမ်းနေရာတွေပဲ ခပ်များများ မြင်တွေ့ကြရပါတယ်။ အဆိုးဆုံးကတော့ ဝေးလံခေါင်သီတဲ့ ကျေးလက်တောရွာကျောင်းတွေမှာ တာဝန်ကျတဲ့ ဝန်ထမ်းဆရာ၊ ဆရာမတွေကို သက်ဆိုင်ရာဌာနကနေပြီးတော့ နားလည်မှုနဲ့ မြို့ကျောင်းမှာတွဲပြီး ထားပေးတာတွေ မမြင်ချင်မှအဆုံး ဖြစ်နေပါတယ်။

ပညာရေးအဆောက်အအုံကဏ္ဍနဲ့ ပတ်သက်လာရင် ဘတ်ဂျက်ချပေးတာ နှုန်းတူဖြစ်ပေမယ့် ဆောက်လုပ်ရေးပစ္စည်း သယ်ယူစရိတ်က အကုန်အကျများတာကြောင့်မို့လို့ မြို့ပေါ်မှ တိုက်ကျောင်းဆောက်နိုင်တဲ့ ဘတ်ဂျက်ဟာ ကျေးလက်တောရွာတွေမှာ တဲကျောင်းသာသာလောက်ပဲ ဆောက်လုပ်နိုင်တာကို မြင်တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခဲ့ပြီးဖြစ်တဲ့ ပညာရေးကဏ္ဍ ကွာဟချက်တွေကို အချိန်မီ ပြုပြင်ဖာထေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိနှင့် ရှိခဲ့တယ်ဆိုလို့ရှိရင် မည်သို့မည်ပုံ ပြုပြင်ဖာထေးသွားမည်ဆိုတာကို ပညာရေးဌာနပြည်ထောင်စုဝန်ကြီးအား အမျိုးသားလွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် အပြုသဘောနဲ့ ရိုသေလေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ပါစေခင်ဗျား။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါ တယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ရှမ်းပြည်နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန် ရဲ့ မြို့ပြနှင့် ကျေးလက်ပညာရေး ကဏ္ဍကွာဟချက်များကို အချိန်မီပြုပြင်ဖာထေးပေးရန် အစီအစဉ် ရှိ/မရှိ ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာကို လွယ်လင့်တကူ သင်ယူနိုင်ရေးအတွက် သင်ယူမှုအခွင့်အလမ်းများကို အရှိန်အဟုန် မြှင့်တင် တိုးမြှင့်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ တစ်နိုင်ငံလုံး အတိုင်း အတာအနေဖြင့် အခြေခံပညာကျောင်းပေါင်း (၃၃၁၂)ကျောင်းကို ကျောင်းအဆင့်များ တိုးမြှင့်ဖွင့်လှစ် ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့အနေနဲ့ ကျောင်းတော်တော်များကို ဒါ မူလတန်း၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)၊ အထက်တန်းကျောင်း(ခွဲ)များကို သတ်မှတ်မှုတွေကို ဖြေလျှော့ပြီးတော့ လျှောက်ထားသော ကျောင်းများအားလုံးကို ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့တာဟာ ရှမ်းပြည်နယ် တစ်ပြည်နယ်လုံးအနေနဲ့ အခြေခံပညာကျောင်းအနေနဲ့ ကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်တောင်ပိုင်းမှာ ကျောင်းစုစုပေါင်း (၂၁၀)၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ (၁၃၆)ကျောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ (၅၄)ကျောင်း၊ ဒါကြောင့် မို့လို့ ရှမ်းပြည်နယ်တစ်ခုလုံးမှာ စုစုပေါင်းကျောင်း(၄၀၀)တိတိကို ကျွန်တော်တို့ အဆင့် တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာတစ်နိုင်ငံလုံးမှာ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်း စုစုပေါင်း(၄၆၀၀၆)ကျောင်း ကျွန်တော်တို့ ဖွင့်လှစ်ထားရှိပြီးတော့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ကျွန်တော်တို့ ယနေ့စာရင်းဇယားအရ ကြည့်မယ်ဆိုလို့ရှိရင် ကျောင်းသား၊ ကျောင်းသူ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူ ကျွန်တော်တို့ အစိုးရကျောင်းတွေမှာ ပဲ (၉)သန်းကျော် ကျွန်တော်တို့ ပညာသင်ယူနေတယ်ဆိုတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီ(၉)သန်း ကျော်ကို ကျွန်တော်တို့ ဆရာ၊ဆရာမများ စုစုပေါင်း (၃၆၀၀၀၀)ကျော်ကနေပြီးတော့မှ သင်ကြားပို့ချ

ပေးလျက်ရှိပါတယ်။ အဲဒီလို တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းပေါင်း (၄၆၀၀၆)ကျောင်း ဖြစ်ပါတယ်။ အဲဒီ ကျောင်းတွေမှာ ပြန်ပြီးကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကျေးလက်နဲ့ ဝေးလံဒေသတွေမှာ ဖွင့်ထားတဲ့ ကျောင်းအရေအတွက်သည် ပိုမိုပြီးတော့ များပြားပါတယ်။ အဲဒီအပြင် ကျောင်းသားဦးရေ (၁၀၀) အောက် ကျောင်း စုစုပေါင်းကျောင်း (၂၄၀၀၀)ကျော်ကို ဖွင့်လှစ်ပြီးတော့မှ ကျောင်းသား၊ ကျောင်းသူတွေ သင်ယူမှုအခွင့်အလမ်း ရရှိပေးဖို့လို့အတွက် ကျွန်တော်တို့အနေနဲ့ ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရာမှာ ကျောင်းအဆင့် တိုးမြှင့်ရေးမူနဲ့ မကိုက်သော်လည်း ဒေသလိုအပ်ချက်အရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ဒေသဖြစ်၍သော်လည်းကောင်း၊ တစ်ဆင့်မြင့်ကျောင်းများသို့ တက်ရောက်ရန် ခရီးကွာဝေး သော ဒေသဖြစ်၍သော်လည်းကောင်း လိုအပ်လျက်ရှိတဲ့ဒေသတွေကို ဦးစားပေးရွေးချယ်ပြီး ကျောင်း အဆင့်များ တိုးမြှင့်ဖွင့်လှစ်ပေးလျက် ရှိပါတယ်။ အလားတူ ကျောင်းဥပဓိရုပ် ကောင်းမွန်အောင် ပြင်ဆင်ခြင်း၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း၊ စာသင်ခန်းသုံး ပရိဘောဂများ၊ သင်ထောက် ကူပစ္စည်းများ၊ အားကစားသုံးပစ္စည်းများ၊ သိပ္ပံခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ ဆရာ၊ ဆရာမ များ ဖြည့်စွက်ခန့်ထားပေးခြင်းများကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားသလို ကျွန်တော်တို့အနေနဲ့ မြို့ကျောင်းတွေမှာပဲ ဆရာ၊ ဆရာမတွေကို တွဲပေးနေတာ မဟုတ်ဘူးဆိုတာကို တင်ပြလိုပါတယ်။ ဆရာ၊ ဆရာမတွေသည် အများစု သည် ကျေးလက်တွေမှာ ဝေးလံတဲ့ဒေသမှာ တာဝန်ထမ်းဆောင်တဲ့ မူလတန်းပြ ဆရာ၊ ဆရာမတွေ သည် တက္ကသိုလ်ဝင်တန်းအောင်ပြီးတဲ့အခါမှာဆိုလို့ရှိရင် ကျွန်တော်တို့ ပညာရေးကောလိပ်တွေကို တက်ပြီးတဲ့အခါမှာ သူတို့တွေအနေနဲ့ သူတို့တွေရဲ့ ရာထူးတိုးမြှင့်ရေး၊ မြို့ပြကိုပြောင်းရွှေ့ရဖို့အတွက် သူတို့တွေဟာ များသောအားဖြင့် UDE သင်တန်းတွေကို သူတို့တွေဟာ တက်ရပါတယ်။ တက်ပြီး တော့မှ သူတို့အနေနဲ့ ဆောင်ရွက်ဖို့လုပ်နေတဲ့အတွက်ကြောင့်မို့လို့ ပြန်ပြီးကြည့်လိုက်မယ်ဆိုလို့ရှိရင် မူလတန်းပြ ဆရာ၊ ဆရာမ အများစုဟာ ရင့်ကျက်မှု၊ အတွေ့အကြုံရှိမှု၊ အရည်အသွေးပြည့်ဝမှုတွေမှာ ဒီဟာတွေသည် အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပညာရေး ဝန်ကြီးဌာနအနေနဲ့ ပညာရေးကောလိပ်တွေကိုလည်းပဲ ပညာရေးဒီဂရီကောလိပ်တွေအဖြစ်နဲ့ အဆင့် တိုးမြှင့်ဆောင်ရွက်ဖို့လို့အတွက်လည်းပဲ ကျွန်တော်တို့အနေနဲ့ ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

အဲဒီလို ပညာရေးဒီဂရီကောလိပ်တွေကသာ ဆရာ၊ ဆရာမတွေကို ပြုစုပျိုးထောင်မယ် ဆိုရင်တော့ ခုနတုန်းကပြောပြီးသလို ဆရာ၊ ဆရာမတွေသည် မူလတန်းပြတာဝန်ထမ်းဆောင်တဲ့ အခါမှာ ဘွဲ့ရပြီးသွားတဲ့အတွက် သူသည် ဘွဲ့တစ်ခုထပ်ရအောင် ကျွန်တော်တို့ ဒါ ဆက်လက်ပြီး ဆောင်ရွက်စရာ မလိုတော့တဲ့အတွက်ကြောင့်မို့လို့ ကျေးလက်နဲ့ဝေးလံဒေသတွေမှာပဲ သူတို့တွေသည် ကျောင်းသား၊ ကျောင်းသူတွေကို အချိန်ပြည့် ပိုမိုသင်ကြားပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ ဦးစားပေးလုပ်ငန်းတစ်ခုအနေနဲ့ ကြိုးပမ်းအကောင်အထည်ဖော်နိုင်ဖို့အတွက် စီစဉ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ တစ်နိုင်ငံလုံးမှာ ကျွန်တော်အနေနဲ့ တင်ပြတိုင်းမှာ ပါပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ KG ကျောင်းသား၊ ကျောင်းသူတွေကို တူညီဝတ်စုံ (၁)စုံစီ ပြီးလို့ရှိရင် ကျောင်းသား၊ ကျောင်းသူတွေကို ဗလာစာအုပ်(၆)အုပ်၊ ပြဋ္ဌာန်းစာအုပ်(၁)စုံစီ အခမဲ့ ကျွန်တော်တို့

ဖြန့်ဝေလျက်ရှိပါတယ်။ မည်သည့် ကျောင်းဝင်ကြေးမှ လက်မခံပါဘူး။ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူတွေကိုလည်း ပြဋ္ဌာန်းစာအုပ်(၁)စုံစီ အခမဲ့ထောက်ပံ့ပေးပြီးတော့မှ မိဘတွေ ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ ကျောင်းဝင်ကြေးတွေ၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာကြည့်တိုက်ကြေး အစရှိတဲ့ အခကြေးငွေတွေနဲ့ မည်သည့်လက်ဆောင်ပစ္စည်းနဲ့ ငွေကြေးကိုမျှ ကောက်ယူလက်ခံခြင်း မပြုဖို့ကိုလည်း ကျွန်တော်တို့အနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးကဏ္ဍမှာ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေး ရှိတဲ့ အခြေခံပညာရေး (Quality Basic Education)ကို မြို့ပြမှာရော၊ ကျေးလက်နဲ့ ဝေးလံဒေသတွေမှာပါ ကွာဟချက်မရှိဘဲ သင်ယူခွင့်ရရှိရေး၊ ဒေသအလိုက် ကွာဟချက် နည်းနိုင်သမျှနည်းစေကာ ကလေး များ၏ သင်ယူတတ်မြောက်မှု အရည်အသွေးပြည့်ဝရေး၊ အခြေခံပညာကျောင်းအားလုံးအတွက်အရည် အသွေးပြည့်ဝသော ဆရာ၊ ဆရာမများ အပြည့်အဝခန့်ထားနိုင်ရေး စသည့်ကိစ္စတွေအတွက် ပညာရေး ဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍပြုပြင် ပြောင်းလဲမှုတွေကို စနစ်တကျ ကြိုးပမ်းအကောင်အထည် ဖော် ဆောင်ရွက်ဖို့အတွက်၊ စတင်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လကစပြီး ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review CESR)ကို အဆင့် (၃)ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ နောက်ဆုံးအဆင့်(၃)ဖြစ်သော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (National Education Strategic Plan NESP) ၂၀၁၆-၂၀၂၁ ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

အခြေခံပညာကဏ္ဍတွင် ကျောင်းအဆောက်အအုံများ ကောင်းမွန်ရေးနှင့် ကလေးများ အတွက် အရည်အသွေးမီ သင်ယူမှုဝန်းကျင်ကောင်းများ ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်ဘတ်ဂျက် အစီအစဉ်ဖြင့်သာမက နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အလှူရှင်များရဲ့ အကူအညီများဖြင့်ပါ ဆောင်ရွက်လျက်ရှိရာမှာ အထူးသဖြင့် ကျေးလက်ဒေသများမှာ လိုအပ်လျက်ရှိတဲ့ အခြေအနေများအပေါ် မူတည်၍ ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ထိထိရောက်ရောက်၊ ပွင့်လင်းမြင်သာစွာဖြင့် အကောင်အထည်ဖော်နိုင်ရန် ရေးဆွဲပြုစုထားသည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(NESP) ၂၀၁၆-၂၀၂၁ အရ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ ပထမနှစ်စီမံကိန်းလုပ်ငန်းများကို အကောင် အထည်ဖော် စတင်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းသည် ပညာရေးကဏ္ဍ၏ ကဏ္ဍခွဲ အားလုံးဖြစ်တဲ့ အခြေခံပညာကဏ္ဍ၊ TVETကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍတွေမှာ လွှမ်းခြုံမယ့်စီမံကိန်း ဖြစ်တဲ့အပြင် ဤစီမံကိန်းကို ဆောင်ရွက်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ အခြေခံပညာကဏ္ဍတွင် မြို့ပြနှင့်ကျေးလက်ဒေသ ပညာရေးကွာဟချက်များကို နည်းနိုင်သမျှ နည်းပါး စေကာ အဓိကကျတဲ့ အားလုံးပါဝင်မှု (Inclusive) ၊ သင်ယူမှုအခွင့်အလမ်း (Access) ၊ ပညာရေး အရည်အသွေး (Quality) နယ်ပယ်နှစ်ရပ်လုံးမှာ သာတူညီမျှမှု (Equity) ကို ရရှိအောင် ပညာရေး ဝန်ကြီးဌာနအနေနဲ့ စတင်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း တင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဗိုလ်မှူးချုပ်ခင်မောင်အေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ပြန်လည်ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ**

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၆ - ၂၈၈**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ၇ ရက်**

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၁၁-၈-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၄-၈-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ ကျော်သန်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့် တို့က အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၁-၉-၂၀၁၆ ရက်နေ့မှာ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များသာမက မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှပေးပို့လာတဲ့ အကြံပြုချက်များကိုပါ ထည့်သွင်းစဉ်းစား သုံးသပ်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ)၏ အောက်တွင် အပိုဒ်ခွဲ(ဃ)အဖြစ် ဆန်းသစ်တီထွင်သူ ဆိုသည်မှာ ဆန်းသစ်တီထွင်မှု တစ်ခုခုကို ဖန်တီးဖော်ထုတ်သူကို ဆိုသည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဆ)၏အောက်တွင် အပိုဒ်ခွဲ(ဇ)အဖြစ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သက်မွေးပညာသင်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်း များတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပြပွဲများကျင်းပရေး စီစဥ် ဆောင်ရွက်ရန်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောပညာရှင်များ မွေးထုတ်ရန်နှင့် ယင်းတို့၏ အရည်အချင်း တိုးတက် မြင့်မားလာစေရန်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသူများ၏ အရည်အသွေးမြင့်မား စေရန်တို့ကို စီမံဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)၏ အောက်တွင် အပိုဒ်ခွဲ (ဃ)အဖြစ် ပညာအရည်အသွေး နိမ့်ကျရသော အကြောင်းရင်းများကို ဖော်ထုတ်ပြင်ဆင်၍ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်း များမှ ထူးချွန်ကျောင်းသားများကို သက်ဆိုင်ရာနယ်ပယ်အလိုက် သုတေသန ဝန်ထမ်းများ၊ ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးခြင်းဟု အသစ်ဖြည့်စွက်၍ လည်းကောင်း၊ အဓိပ္ပာယ်ရှင်းလင်းမှုရှိစေရန်အတွက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ဌ) တွင် ဖော်ပြထားသော စကားရပ်များအစား သဘာဝပတ်ဝန်းကျင်နှင့် လူကိုမထိခိုက် စေသော နည်းပညာအသုံးပြုသည့် အစိမ်းရောင်နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်း များဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ခ) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဥ်များကိုလည်းကောင်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြထားပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ **သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း**ကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊

ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူး ကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ထပ်မံတင်ပြလာသည့် အကြံပြုတင်ပြချက်များအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ **အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။**

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဥပဒေရဲ့ ပြင်ဆင်ချက်များကို အပိုဒ်အလိုက် တင်ပြပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ခေါင်းစဉ် ပြင်ဆင်ချက် ဖြစ်ပါတယ်။ မူလကတင်ပြထားတဲ့ အဆိုပြုချက် မူကြမ်းမှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေလို့ ဖော်ပြထားရာမှာ ဥပဒေကြမ်းကော်မတီက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေလို့ ပြင်ဆင်ထားပါတယ်။ ဒီ ပြင်ဆင်ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ဒုတိယ ဆက်လက်ပြင်ဆင်ချက် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁ ဖြစ်ပါတယ် -

၁။ ဤဥပဒေကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ (ဂ) ဆန်းသစ်တီထွင်မှုဆိုသည်မှာ မူလစိတ်ကူး၊ ထုတ်ကုန်၊ နည်းပညာတစ်ခုခုကို အခြေခံလျက် ထူးခြားဆန်းသစ်သော တီထွင်ကြံဆမှုတို့ဖြင့် ပိုမိုကောင်းမွန်သော၊ ကွဲပြားခြားနားသော၊ အဖိုးတန်သော စိတ်ကူးများဖြင့် ထုတ်ကုန်များ၊ နည်းပညာများကို ဖော်ထုတ်ခြင်း၊ အသုံးချခြင်းကို ဆိုလိုသည်လို့ ပြင်ဆင်ထားပါတယ်။ အပိုဒ် ၂(ဃ) မှာ အသစ်ဖြည့်စွက်ထားတာဖြစ်ပါတယ်။

(ဃ) ဆန်းသစ်တီထွင်သူဆိုသည်မှာ ဆန်းသစ်တီထွင်မှု တစ်ခုခုကို ဖန်တီးဖော်ထုတ်သူကို ဆိုသည် လို့ အသစ်ဖြည့်စွက်ထားပါတယ်။

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆိုသည်မှာ သိပ္ပံပညာရပ် နယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်းကောင်း ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

(စ) လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ဆောင်ရွက်လျက်ရှိသည့် အသိပညာ၊ အတတ်ပညာများ လေ့ကျင့်သင်ကြားခြင်းလုပ်ငန်းများကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

(ဆ) ဝန်ဆောင်မှုလုပ်ငန်းများ ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှုကို အခြေခံသည့် အသိပညာနှင့်အတတ်ပညာများ ပါဝင်သော အသိဉာဏ် ပစ္စည်းပိုင်ဆိုင်မှုကို တစ်နည်းနည်း အသုံးချ ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် အကြံပေးခြင်းလုပ်ငန်းများကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

(ဇ) ထုတ်လုပ်မှုလုပ်ငန်းများ ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှုကို အခြေခံသည့် ထုတ်လုပ်မှုနည်းပညာတစ်ခုတွင် ကုန်ကြမ်း သို့မဟုတ် မူလပစ္စည်း

တစ်ခုခုမှ အခြားပစ္စည်းအသစ် တစ်ခုခုသို့ ပြောင်းလဲထုတ်လုပ်ပေးသည့် လုပ်ငန်းများကိုဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

(ဈ) သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆိုသည်မှာ သိပ္ပံနည်းကျစွာ စူးစမ်း လေ့လာမှုများကို လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့် တွေ့ရှိချက်များအပေါ် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

(ဌ) ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကောင်စီကို ဆိုသည်လို့ ပြင်ဆင် ထားပါတယ်။

(ဍ) ကော်မရှင်များ ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေးပညာရပ်နယ်ပယ် တစ်ခုချင်းအလိုက် ကောင်စီ၏အောက်တွင် ဖွဲ့စည်းထားရှိသော သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့များကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

(ဏ) သက်ဆိုင်ရာဝန်ကြီးဌာနများ ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

(ဒ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ဤဥပဒေအရ လျှောက်ထားသော နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်များကို စိစစ်၍ မှတ်ပုံတင်ပေးသော ဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်လို့ အသစ်ဖြည့်စွက် ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဌ)(ဍ)(ဏ)(ဒ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဌ)(ဍ)(ဏ)(ဒ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက် အပိုဒ် ၃ ဖြစ်ပါတယ်။

၃။ (က) အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေမည့် ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လို့ ပြင်ဆင်ထားပါတယ်။

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပညာရပ်နယ်ပယ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်း ဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်ရန်။

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပညာရပ်နယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြု ချီးမြှင့်နိုင်ရန် ယင်းတို့၏ မူပိုင်ခွင့်များကို အလေးထားရန်၊ အကာအကွယ်ပေးရန်နှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေရန်လို့ ပြင်ဆင်ထားပါတယ်။

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှုများနှင့် ဈေးကွက်စီးပွားရေးကို အားပေးသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လို့ ပြင်ဆင်ထားပါတယ်။

(ဇ) တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အသက်မွေးပညာသင်တန်းကျောင်းများနှင့် အခြေခံပညာ အထက်တန်းကျောင်းများတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပြပွဲများကျင်းပရေး စီစဉ်ဆောင်ရွက်ရန်လို့ အသစ်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင် ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးပါရန် အဆို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(င)(စ)(ဆ)(ဇ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(င)(စ)(ဆ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ နံပါတ်(၅) ဖြစ်ပါတယ်။ အခန်း(၃)ရဲ့ အခန်းခေါင်းစဉ် ပြင်ဆင်ချက် ဖြစ်ပါတယ်။

အခန်းခေါင်းစဉ်

အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေးကောင်စီဖွဲ့စည်းခြင်း လို့ ပြင်ဆင်ထားပါတယ်။

၄။ (က) အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကောင်စီကို အဖွဲ့ဝင် (၃၀)ဦးထက် မပိုသော အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် တစ်ဦး၊ ဥက္ကဋ္ဌ၊

(၂) ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌလို့ အသစ်ဖြည့်စွက်ထားပါတယ်။

(၅) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြားသည့် နိုင်ငံ့အကျိုးပြုပညာရှင်၊ ပညာရှင်များ၊ အဖွဲ့ဝင်များ ဖြစ်ပါတယ်။

(၆) တာဝန်ခံ ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်၊ အတွင်းရေးမှူး ဖြစ်ပါတယ်။

(၇) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဖြစ်ပါတယ်။

ဒီ ပြင်ဆင်ချက်နဲ့ ဖြည့်စွက်ချက်များကို အတည်ပြုပေးဖို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁)(၂)(၅)(၆)(၇) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁)(၂)(၅)(၆)(၇)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၇ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ နံပါတ် (၆)မှာ ဖြစ်ပါတယ်။

၇။ (ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ နှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသည့် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ပညာရှင်များ မွေးထုတ်ရန်နှင့် ယင်းတို့၏ အရည်အချင်း တိုးတက်မြင့်မားလာစေရန် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသူများ၏ အရည်အသွေး မြင့်မားစေရန်တို့ကို စီမံဆောင်ရွက်ခြင်းလို့ ပြင်ဆင်ထားပါတယ်။

(ဃ) ပညာအရည်အသွေး နိမ့်ကျသော အကြောင်းရင်းများကို ဖော်ထုတ်ပြင်ဆင်၍ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ထူးချွန်ကျောင်းသားများကို သက်ဆိုင်ရာ နယ်ပယ်အလိုက် သုတေသနဝန်ထမ်းများ၊ ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေး ခြင်းလို့ အသစ်ဖြည့်စွက်ထားပါတယ်။

(င) ပြည်တွင်း၊ ပြည်ပရှိ သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး သုတေသနဌာနများ၊ တက္ကသိုလ်များ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ရန် အစီအမံများ ချမှတ်ခြင်းလို့ ပြင်ဆင်ထားပါတယ်။

(ဆ) သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးအသင်းအဖွဲ့များ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းလို့ ပြင်ဆင် ထားပါတယ်။

(ဇ) သိပ္ပံ ၊နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ၊ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှော ဖလှယ်ပွဲများ ကျင်းပရေးနှင့် တက်ရောက်ရေးတို့အတွက် အားပေးခြင်းလို့ ပြင်ဆင် ထားပါတယ်။

(ဈ) အမျိုးသားအဆင့် သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဥယျာဉ်ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် စီမံ

ဆောင်ရွက်ခြင်း၊ သိပ္ပံ ၊ နည်းပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းထားရှိခြင်း၊ ဖြန့်ဝေအသိပေးခြင်းလို့ ပြင်ဆင်ထားပါတယ်။

(ဍ) သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပညာရပ်နယ်ပယ်မှ ထူးချွန်သော ပညာရှင်များ၊ ဆန်းသစ်တီထွင်သူများကို သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ထောက်ခံတင်ပြခြင်းလို့ ပြင်ဆင်ထားပါတယ်။

(ဎ) ကောင်စီ၏အောက်တွင် သင့်လျော်မည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှုပညာရပ်နယ်ပယ် တစ်ခုချင်း အလိုက် သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာပညာရပ် အတွေ့အကြုံနှင့် ကျွမ်းကျင်သူ ဝါရင့်ပညာရှင်တစ်ဦးဦးက ဦးဆောင်ပြီး သင့်လျော်မည့် ပညာရှင်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလို့ ပြင်ဆင်ထားပါတယ်။

(ဍ) ပြည်ပရောက် မြန်မာနိုင်ငံသား သိပ္ပံပညာရှင်များနှင့် နိုင်ငံတကာ သိပ္ပံပညာရှင်များကို မြန်မာနိုင်ငံ၏ သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာစေရန် လိုအပ်သော အစီအမံများ ချမှတ်ခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်းလို့ အသစ်ဖြည့်စွက်ထားပါတယ်။

(ပ) သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် သုတေသန စီမံကိန်းများအတွက် နှစ်စဉ် လိုအပ်မည့် အသုံးစရိတ်များကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန် တာဝန်ခံဝန်ကြီးဌာနသို့ အကြောင်းကြားခြင်းလို့ ပြင်ဆင်ထားပါတယ်။

(ဏ) သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေတစ်ရပ်ထူထောင်၍ လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းရှင်းလင်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်မည့် ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းလို့ ပြင်ဆင်ထားပါတယ်။

(တ) ကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်စဉ် တင်ပြခြင်းလို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးပါရန် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)(ဠ)(ဌ)(ဍ)(ဎ)(ဏ)(တ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)(ဠ)(ဌ)(ဍ)(ဎ)(ဏ)(တ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အခန်း(၅)၊ အခန်းခေါင်းစဉ်၊ ပြင်ဆင်ချက် ဖြစ်ပါတယ်။ အခန်း (၅) ကန့်လန့်ဖြတ်ဇယား စာမျက်နှာ နံပါတ် (၈)မှာ ဖြစ်ပါတယ်။

သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များလို့ ပြင်ဆင်ထားပါတယ်။ အပိုဒ် ၈ ဖြစ်ပါတယ်။

၈။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီများကို သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။

အပိုဒ် ၉ ရဲ့ ခြေဆင်းဖြစ်ပါတယ်။

၉။ ကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မတီအလိုက် သိပ္ပံနှင့် ၊ နည်းပညာရပ်များကို အသုံးချဆောင်ရွက်နေမှုများ အခက်အခဲများ၊ လိုအပ်ချက်များ၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို စိစစ်လေ့လာခြင်း၊ မှတ်တမ်းများပြုစုခြင်း၊ နှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာကို ကောင်စီသို့ တင်ပြခြင်းလို့ ပြင်ဆင်ထားပါတယ်။

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် တီထွင်ဖန်တီးမှုများ တိုးတက်မြင့်မားရေးတို့အတွက် ရန်ပုံငွေထောက်ပံ့ရာတွင် စိစစ်ရွေးချယ်ခြင်း၊ သုတေသနလုပ်ငန်းများ လက်တွေ့ထိရောက်မှု ရှိ/ မရှိ စိစစ်ခြင်း ၊ ထိန်းသိမ်းကွပ်ကဲခြင်းနှင့်အားပေးခြင်းလို့ ပြင်ဆင်ထားပါတယ်။

(စ) သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပညာရပ်နယ်ပယ်အလိုက် ထူးချွန်သောပညာရှင်များ၊ တီထွင်သူများအား ရွေးချယ်သတ်မှတ်ရာတွင် ကောင်စီကို ကူညီဆောင်ရွက်ခြင်းလို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၈၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(က)(င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(က)(င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၀ ဖြစ်ပါတယ်။

၁၀။ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေး (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၅/၉၄) အရ ဖွဲ့စည်းခဲ့သော မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနကို သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသည်လို့ ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ် ၁၂ (စ) ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ နံပါတ် (၁၀)မှာ ဖြစ်ပါတယ်။

၁၂။ (စ) သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးအခြေခံ သုတေသန လုပ်ငန်းများ လက်တွေ့အသုံးချသုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်းစက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသော ကုန်ထုတ်လုပ်မှု နည်းပညာ အခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်းပေးရေးအတွက် ဦးတည်သည့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ပြည်တွင်း၊ ပြည်ပ ဆွေးနွေးပွဲများ ၊ နှီးနှောဖလှယ်ပွဲများ နှစ်စဥ် ကျင်းပခြင်း၊ တက်ရောက်ခြင်း၊ ပညာရှင် ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) သဘာဝပတ်ဝန်းကျင်နှင့် လူကိုထိခိုက်စေသော နည်းပညာ အသုံးပြုပြီး အစိမ်းရောင် နည်းပညာ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အစားအသောက် နှင့် ဆေးဝါးဆိုင်ရာ သုတေသန နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဥယျာဉ်နှင့်ပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊

(ဏ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး အကြံပေးမှုနှင့်ဝန်ဆောင်မှု လုပ်ငန်းများ သတင်းအချက်အလက်များ ပြုစုထိန်းသိမ်းခြင်းနှင့် ပြန်ကြားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) ကောင်စီ သို့မဟုတ် တာဝန်ခံဝန်ကြီးဌာနက ပေးအပ်သော သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းလို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂(စ)(ဆ)(ည)(ဋ)(ဍ)(ဎ)(ဏ)(တ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂(စ)(ဆ)(ည)(ဋ)(ဍ)(ဎ)(ဏ)(တ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့ အခန်း(၈)၊ အခန်းခေါင်းစဉ်၊ ပြင်ဆင်ချက် ဖြစ်ပါတယ်။ အခန်း(၈) အခန်းခေါင်းစဥ် ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းလို့ ပြင်ဆင်ထားပါတယ်။ ကန့်လန့်ဖြတ် ဇယားရဲ့ စာမျက်နှာ နံပါတ် (၁၁)မှာ ဖြစ်ပါတယ်။

၁၃။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သိပ္ပံနှင့်နည်းပညာ လူ့စွမ်းအားအရင်းအမြစ်များ၊ ဆန်းသစ်တီထွင် ဖန်တီးမှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်စီးပွားရေးကို အထောက်အကူပြုသော သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်ထားရှိရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ခ) ပြည်တွင်း၊ပြည်ပရှိ အဖွဲ့အစည်းများနှင့်စေတနာရှင်များ၏လှူဒါန်းထောက်ပံ့ငွေများ၊

(ဂ) သိပ္ပံ ၊ နည်းပညာ**နှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများမှ ရရှိသည့် ငွေကြေးများ၊**

**(ဃ) ရန်ပုံငွေမှ တရားဝင် တိုးပွားမှုများ။**

**၁၄။ ကောင်စီသည်-**

**(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းပြုစုခြင်း၊စာရင်းစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ သတ်မှတ်သည့်ယင်းဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်။**

**(ခ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။**

**(ဂ) ရန်ပုံငွေ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်လို့ ပြင်ဆင်ထားပါတယ်။**

**၁၅။ ကောင်စီသည် နိုင်ငံတော်၏ လူမှုရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊** နည်းပညာ**နှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများ၏ ဦးစီးဌာနများ၊ တက္ကသိုလ် ၊ ကောလိပ်၊ သိပ္ပံများ ပုဂ္ဂလိက စက်မှုကုန်ထုတ် လုပ်ငန်းများနှင့် အခြားသုတေသနအဖွဲ့အစည်းများ၏ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စအမျိုးအစား အလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေမှ သင့်လျော်သလို ထောက်ပံ့နိုင်သည်-**

**(က) အမျိုးသားအဆင့် သုတေသန လုပ်ငန်းများ၊**

**(ခ) တီထွင်ဖန်တီးမှု ဖွံ့ဖြိုးရေးသုတေသန လုပ်ငန်းများ၊**

**(ဂ) မျိုးဆက်သစ် လူငယ်များ ဆောင်ရွက်နေသည့် သုတေသန လုပ်ငန်းများ၊**

**(ဃ) ယှဉ်ပြိုင်မှု အခြေခံသော သုတေသန လုပ်ငန်းများ၊**

**(င) ပြည်တွင်း၊ပြည်ပ သုတေသန ပညာတော်သင်ဆု ထောက်ပံ့ခြင်းကိစ္စ၊**

**(စ) နိုင်ငံတကာ အဆင့်နှင့် အမျိုးသားအဆင့် သိပ္ပံ ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး အစည်းအဝေးများ ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ၊ ညီလာခံများ၊ သင်တန်းများ တက်ရောက်ခြင်းနှင့် ကျင်းပခြင်းဆိုင်ရာ ကိစ္စများ။**

**၁၆။ ကောင်စီသည် သိပ္ပံ နှင့်နည်းပညာနယ်ပယ်မှ ထူးချွန်သော ပညာရှင်များ ကျောင်းသား၊ ကျောင်းသူများနှင့် ဆန်းသစ်တီထွင်ဖန်တီးသူများအား ထိုက်သင့်သည့် ဆုကြေးငွေ သတ်မှတ်ပြီး ဆုချီးမြှင့်နိုင်သည်လို့ ပြင်ဆင်ထားပါတယ်။**

**ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။**

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၄(က)(ခ)(ဂ)၊ အပိုဒ် ၁၅(က)မှ(စ)အထိ၊ အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၄(က)(ခ)(ဂ)၊ အပိုဒ် ၁၅(က)မှ(စ)အထိ၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၇ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ (၁၃) မှာ ဖြစ်ပါတယ်။

၁၇။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာနများ ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ အောင်မြင်သော သုတေသနရလဒ်များ နည်းပညာဆိုင်ရာ အသိပညာများနှင့် တီထွင်မှုအပါအဝင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် နည်းပညာများကို လွှဲပြောင်းနိုင်သည်။

၁၈။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုသို့ ပုဒ်မ ၁၇ အရ နည်းပညာများကို လွှဲပြောင်းရာတွင် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုရမည်။

၁၉။ နည်းပညာ လွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုရာတွင် တည်ဆဲဥပဒေနှင့် ကောင်စီက ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၀။ ခြွင်းချက် -

ပုဒ်မ ၁၈ အရ နည်းပညာကို လွှဲပြောင်းရာတွင် အောက်ပါနည်းလမ်း တစ်ရပ်ရပ်နှင့်အညီ လွှဲပြောင်းနိုင်သည်-

(ဃ) ပြည်တွင်းမှ ပြည်ပသို့ဖြစ်စေ ပြည်ပမှ ပြည်တွင်းသို့ဖြစ်စေ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းလို့ ပြင်ဆင်ထားပါတယ်။

၂၁။ ပြည်တွင်း၌လည်းကောင်း၊ ပြည်ပမှလည်းကောင်း၊ ပြည်ပသို့လည်းကောင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် သက်ဆိုင်သော စည်းကမ်းချက်များသည် တည်ဆဲဥပဒေနှင့် ကောင်စီက ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရမည်။

၂၂။ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက နည်းပညာ လွှဲပြောင်းရာတွင် သက်ဆိုင်ရာ တီထွင်သူ သို့မဟုတ် လွှဲပြောင်းပေးသည့်နည်းပညာကို ဆန်းသစ်တီထွင်ဖော်ထုတ်ခဲ့သည့် အဓိက ပါဝင်သူများ၏ သဘောတူခွင့်ပြုချက်ကို ရယူရမည်။

၂၃။ နည်းပညာလွှဲပြောင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် နည်းပညာ လွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်အရာရှိထံသို့ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၂၃ အရ မှတ်ပုံတင်ရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက နည်းပညာ လွှဲပြောင်းရေးသဘောတူစာချုပ်ကို မှတ်ပုံတင်ပြီး သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်ပြီးပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်လို့ အသစ်ဖြည့်စွက်ထားပါတယ်။

အပိုဒ် ၂၅ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။

၂၅။ မှတ်ပုံတင်ရန် လျှောက်ထားချက်အပေါ် ပုဒ်မ ၂၄ ပုဒ်မခွဲ(က)အရ ဆိုင်းငံ့ကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှု မရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ထိုသို့ ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း တာဝန်ခံ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်လို့ အသစ်ဖြည့်စွက်ထားပါတယ်။

အပိုဒ် ၂၆ အသစ်ဖြည့်စွက်ချက် ဖြစ်ပါတယ်။

၂၆။ တာဝန်ခံ ဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အယူခံမှုကို စိစစ်ပြီး မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း ၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၇။ နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို မှတ်ပုံတင်မည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ ကောင်စီ၊ တာဝန်ခံဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့

၏ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် အထောက်အပံ့ ၊ အကူအညီရရှိခွင့် ရှိသည်လို့ အသစ် ဖြည့်စွက်ထား ပါတယ်။

၂၈။ ဤဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်ထားသော နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦး နှစ်ဖက် သဘောတူစာချုပ်သည်သာ ဥပဒေကြောင်းအရ တရားဝင် အတည်ဖြစ်စေရမည်လို့ အသစ် ဖြည့်စွက်ထားပါတယ်။

အသစ်ဖြည့်စွက်ထားချက်များနဲ့ ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(ဃ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄(က)(ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(ဃ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄(က)(ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အခန်း (၁၀)၊ ပြင်ဆင်ချက်ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာနံပါတ်(၁၆)ဖြစ်ပါတယ်။

အခန်း(၁၀)၊ အပိုဒ် ၂၉၊ သိပ္ပံ၊ နည်းပညာဖွံ့ဖြိုးရေး (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥပဒေအမှတ်၊ ၅/၉၄) အရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၀။ (က) တာဝန်ခံဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီ၊ တာဝန်ခံဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၁။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၅/၉၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်များကို အတည်ပြုပေးဖို့ လေးစားစွာ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၀)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ (က)(ခ)၊ အပိုဒ် ၃၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀(က)(ခ)၊ အပိုဒ် ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါ ကွန်တော် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်များ ဖြစ်ပါတယ်။ အဆိုပြုထားတဲ့ ဥပဒေကြမ်းရဲ့

အခန်း(၁)၊ အပိုဒ် ၂(ထ)၊

အခန်း(၄)၊ အပိုဒ် ၇(ဍ)၊

အခန်း(၈)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊

အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉ နှင့် အပိုဒ် ၃၀ တို့ကို ပယ်ဖျက်ထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ထားချက်များကို အတည်ပြုပေးဖို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ မူလအဆိုပြုပြဋ္ဌာန်းထားချက်များအတိုင်း အတည်ပြုထားချက်ဖြစ်ပါတယ်။

အခန်း(၁)၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂(က)(ခ)၊

အခန်း(၂)၊ အပိုဒ် ၃ခြေဆင်း၊ အပိုဒ်၃(ခ)(ဂ)(ဃ)၊

အခန်း(၃)၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊

အခန်း(၄)၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇(က)၊

အခန်း(၅)၊ အပိုဒ် ၉(ခ)(ဂ)(ဃ)၊

အခန်း(၆)၊ အပိုဒ် ၁၁၊

အခန်း(၇)၊ အပိုဒ် ၁၂ ခြေဆင်း၊ အပိုဒ် ၁၂(က)(ခ)(ဂ)(ဃ)(င)(ဇ)(ဈ)(ဋ)(ထ)(ဒ)(ဓ)၊

အခန်း(၉)၊ အခန်းခေါင်းစဉ်နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁)၊ အပိုဒ် ၂(ည)(ဋ)(ပ)(တ)(ထ)၊

အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)(၄)၊

အခန်း(၄)၊ အပိုဒ် ၇(စ)(ည)၊

အခန်း(၉)၊ အပိုဒ် ၂၀(က)(ခ)(ဂ)(င)

အခန်း(၁၂)၊ အပိုဒ် ၃၀ ခြေဆင်းတို့ကို အဆိုပြုထားတဲ့အတိုင်းထားရှိရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရ ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြု၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အတည်ပြုရန် အဆိုတင်သွင်းထားသည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းသည် ပြီးခဲ့သည့် ပထမ အကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလအတွင်းက ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် ကျန်ရစ်ခဲ့သော ဥပဒေကြမ်း(၂၂)ခုအနက်မှ တစ်ခုအပါအဝင်ဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အထူးဂရုပြုလေ့လာပြီး ဝေဖန်ဖြည့်စွက် အကြံ ပြုခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆိုလျှင် ကျွန်တော်တို့ရဲ့ ဖြည့်စွက်အကြံပြုချက်များကို အလေးအနက် ထားပြီးတော့ ဒီဥပဒေမှာ ပြင်ဆင်၊ ဖြည့်စွက် ပြဋ္ဌာန်းထားရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းထားတဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်မကတော့ ဦးခင်အောင်မြင့် ရဲ့ အဆို(၃)ခုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက အချိန်အနည်းငယ်တိုးပေးပါရန် တောင်းဆိုပါတယ်။ ဦးခင်အောင်မြင့်ရဲ့အဆိုအရ တိုင်းရင်းသားမျိုးနွယ်စု

အားလုံးတစ်ပြေးတည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲရေး အတွက် ရည်ရွယ်သောအဆိုဖြစ်ကြောင်း၊ ပညာရေးကဏ္ဍအတွက် အဆိုထက် အမျိုးသားနိုင်ငံရေး ဆိုင်ရာအဆို၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ထာဝရတည်မြဲရေးဆိုင်ရာ အဆိုဖြစ်ပါတယ်လို့ ပြောပါတယ်။ အမျိုးသားနိုင်ငံရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ထာဝရခိုင်မြဲရေးတို့ဟာ ပညာရေးကိုပဲအခြေခံတာ ဖြစ်ပါတယ်လို့ ကျွန်မအမြင်ကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။ ဒီမိုကရေစီနိုင်ငံသားများသာ အသိနှင့်အတတ်ပညာကင်းမဲ့ခဲ့ပါလျှင် ကြီးပွားတိုးတက်ကြမည် မဟုတ်ပေ။ ဒါကြောင့် ဒီမိုကရေစီအစိုးရရဲ့ အဓိကကျသော ကြီးမားသောတာဝန်တွေ အရေးအရာအားလုံး၏ အခြေခံဖြစ်သော အသိပညာ၊ အတတ်ပညာကို ပြည်သူအများ၊ တောင်ပေါ်နေတိုင်းရင်းသားများပါ မကျန် စာတတ်မြောက်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက် "အ"သုံးလုံးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြပါတယ်။ ယခုအချိန်မှာလည်းပဲ မြန်မာနိုင်ငံတစ်ဝန်းလုံး စာတတ်မြောက်ရေးကို တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များမှ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ၊ နွေရာသီ"အ"သုံးလုံး လုပ်အားပေးပွဲများကို နယ်မြေသတ်မှတ်ပြီး နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ဗမာစကား မတတ်တဲ့ တိုင်းရင်းသားသက်ကြီး၊ လူကြီးတွေအတွက် အဆင်မပြေပါ။ ဘာသာစကားကို နားမလည်တဲ့ အတွက်ကြောင့် ဤ"အ"သုံးလုံးလည်း အဆင်မပြေပါ။

ဒုတိယအဆိုပိုင်းဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုများ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေး အနေနဲ့ ယခုအခါ နိုင်ငံအဝန်း အဆင့်မြင့်ပညာရေးကောလိပ်၊ တက္ကသိုလ်၊ သိပ္ပံပေါင်းများစွာ ရှိပြီးဖြစ်ပါတယ်။ သို့သော် ကချင်ပြည်နယ်၊ မြစ်ကြီးနားတက္ကသိုလ်တွင် လာရောက်ပညာဆည်းပူးကြ သော တိုင်းရင်းသား လူငယ်များသည် မိမိ၏ဒေသမှ ထွက်ခွာခဲ့ပြီး အဆင့်မြင့်ပညာကို ဆည်းပူးဖို့ အလို့ငှာ မြစ်ကြီးနားမြို့ကို ရောက်ခဲ့ပါတယ်။ မြစ်ကြီးနားတက္ကသိုလ်ရှိ အမျိုးသမီး၊ အမျိုးသားအတွင်း ဆောင်များ မလုံလောက်မှုကြောင့် ကျောင်းသူ၊ ကျောင်းသားတိုင်းအတွက် အဆောင်မရရှိပါ။ အပြင် ဆောင်များ၌သာ ငွေကြေးမြောက်မြားစွာပေး၍ နေထိုင်ရပါတယ်။ စားစရိတ်၊ နေစရိတ်က ကြီးတဲ့ အတွက် မိဘများက မထောက်ပံ့နိုင်၊ ဒီအထဲ စစ်ရှောင်စခန်းက မိဘများနဲ့အတူနေထိုင်တဲ့ တက္ကသိုလ်တက်နေတဲ့ ကျောင်းသူ၊ ကျောင်းသားများလည်း ပါ ပါတယ်။

တက္ကသိုလ်နဲ့ မိမိနေထိုင်တဲ့ စစ်ရှောင်စခန်းက ဝေးတဲ့အတွက်ကြောင့် နေ့စဉ်ကျောင်း တက်ဖို့ ခက်ခဲလှပါတယ်။ ဆိုင်ကယ်၊ စက်ဘီး စသည်ဖြင့် ဝယ်ဖို့လိုအပ်လာပါတယ်။ ဒီလိုဝယ်ဖို့ မဆိုထားနဲ့ ထမင်းတောင် နပ်မှန်အောင်မစားရကြပါဘူး။ အခုကျွန်မတို့ မြစ်ကြီးနားမြို့နယ်တွင် စစ်ရှောင်စခန်းမှာ အိမ်ထောင်စုပေါင်း(၁၃၅၂) အိမ်ထောင်ရှိပြီး လူဦးရေ(၆၉၃၃)ဦးရှိပါတယ်။ လွန်ခဲ့တဲ့နှစ်ကစပြီးတော့ ရိက္ခာများဖြစ်ကြတဲ့ ဆန်၊ ဆီ၊ ဆားများကိုလည်းပဲ မထုတ်ပေးတော့ဘဲနဲ့ တစ်ဦးလျှင် တစ်လကို ကျပ်(၉၀၀၀)သာ ပေးတော့တဲ့အတွက်ကြောင့် ထမင်းကိုနပ်မှန်အောင် မစားခဲ့ ကြရပါဘူး။ အဆင့်မြင့်ပညာကိုသင်ယူဖို့ ဤကဲ့သို့ ဒုက္ခပေါင်းစုံကိုရင်ဆိုင်ပြီး (၄)နှစ်တာ တက္ကသိုလ် ပညာသင်ကာလကို ကျော်ဖြတ်ဖို့ရန် မဖြစ်နိုင်ပါ။ တိုင်းပြည်အေးချမ်းပြီး မိမိရပ်ထံပြန်၊ မိမိတို့ရဲ့

လက်ရင်းအလုပ်ကို ပြန်လည်လုပ်နိုင်မှသာ မိမိရဲ့သားသမီးများကို ပညာစရိတ်စကများကို ရှာဖွေစုဆောင်းပြီး ကျောင်းထားနိုင်မှာဖြစ်ပါတယ်။

ကျွန်မရဲ့ အတွေ့အကြုံတစ်ခုလေးကိုလည်း တင်ပြလိုပါတယ်။ ကျွန်မတို့ မြစ်ကြီးနားတက္ကသိုလ်မှ ဦးစီးပြီး (၁၀)တန်းအောင်ချက်မြင့်မားရေးအစီအစဥ်နဲ့ ပူတာအိုမြို့ကို ရောက်ခဲ့ပါတယ်။ ပူတာအို အ.ထ.ကနဲ့ ဒုတ္ထန် အ.ထ.ကမှာ ကျောင်းသူ ကျောင်းသားအတော်များများကို တွေ့ခဲ့ပါတယ်။ အားလုံးနီးပါးဟာဆိုရင် ကချင်ကလေးများဖြစ်ကြပါတယ်။ ဗမာစကားကို ကောင်းကောင်းမွန်မွန် မပြောဆိုတတ်ပါ။ ကလေးတော်တော်များများဟာ ပူတာအိုရဲ့ အချမ်းဒဏ်၊ အအေးဒဏ်ကို ဝါညစ်ညစ်ကျောင်းစိမ်း၊ ကျောင်းဖြူ ပါးပါးလေးနဲ့ ကျော်ဖြတ်ခဲ့တာကို တွေ့ရပါတယ်။

ကျောင်းအုပ်ကြီးများရဲ့ပြောပြချက်အရ ကျောင်းသူ ကျောင်းသားများဟာ ပူတာအိုမြို့မှ တစ်နေ့တာလျှောက်ရသည့် ခရီး၊ နေ့ဝက်လောက် လျှောက်ရတဲ့ခရီးက ရွာများမှလာ၍ ပညာသင်ကြားတဲ့ သူတွေဖြစ်ပါတယ်။ တစ်ပတ်မှာ (၃)ရက်လောက်ပဲ ကျောင်းတက်ပြီး ကျန်တဲ့ရက်ကိုတော့ မိဘများကိုကူညီရန်နဲ့ ရိက္ခာယူရန်ဆိုပြီး ရွာကိုပြန်ကြတယ်။ သူတို့ရဲ့ တစ်ပတ်စာ ရိက္ခာက ဆန်လေးတစ်ပြည်၊ ပိန်းဥလေးငါးလုံးနဲ့ ပြန်လာကြပါတယ်။ ကလေးများဟာ အာဟာရ မပြည့်ဝတဲ့အပြင် ကျောင်းစာကို စိတ်ဝင်စားမှုနည်းပါတယ်။ မြို့ကြီးပြကြီးတွေမှာ မိဘများက ကိုယ့်သားသမီးကို ကျူရှင်ပို့၊ ကျူရှင်ကြို၊ ချိုင့်ကြီး၊ ချိုင့်ငယ်၊ စားစရာသောက်စရာများ မခွဲ့ကျွေးရှိတမယ် ကျွေးမွေးပြုစုနေသည့်အခြေအနေနဲ့ ကွာခြားလွန်းလှပါတယ်။

တောင်ပေါ်ဒေသရဲ့ ဆင်းရဲမွဲတေမှုနဲ့ သားသမီးများကို ပညာတတ်ကြီးဖြစ်အောင် ကြိုးစားမှုသည် မြို့ကြီးပြကြီးက IT စနစ်တွေနဲ့ သင်ကြားရတဲ့သူများနဲ့ တူညီအောင် ဘယ်လိုမှ မစွမ်းဆောင်နိုင်ပါဘူး။ ဖယောင်းတိုင်မီးနဲ့သာ စာကျက်ရတဲ့ တောင်ပေါ်က (၁၀) တန်းကျောင်းသားတစ်ဦးရဲ့ အသိအမြင်နဲ့ မြို့ပေါ်မှာ မီးထိန်ထိန်လင်းနေတဲ့ အောက်မှာ စာကျက်ဝိုင်း ဆရာ၊ ဆရာမများနဲ့ စာကျက်ရတဲ့ (၁၀) တန်းကျောင်းသားတစ်ဦးရဲ့ အသိအမြင်ဟာ ဘယ်လိုမှ မတူညီနိုင်ပါဘူး။

အဆိုတတိယပိုင်းဖြစ်တဲ့ တိုင်းရင်းသားစာပေထွန်းကားရေးနဲ့ ပတ်သက်၍ ခေတ်အဆက်ဆက် ကြွေးကြော်ပြီး တကယ်အကောင်အထည်ဖော်ရန်မှာ ခက်ခဲလှပါတယ်။ လွန်ခဲ့တဲ့ (၃)(၄) နှစ်လောက်က ပြည်ထောင်စုပညာရေးဝန်ကြီး ဒေါက်တာမြအေး လက်ထက်တွင် မူလတန်း ကချင်ဖတ်စာပြုစုရန် မြစ်ကြီးနားတက္ကသိုလ်ရှိ ကချင်ဆရာ၊ ဆရာမတစ်စုကို တာဝန်ပေးခဲ့ပါတယ်။ ဝန်ကြီး၏ တာဝန်ပေးချက်အရ ယခုမြန်မာနိုင်ငံကျောင်းများတွင် သင်ကြားနေသော သူငယ်တန်း၊ ပထမတန်းနဲ့ ဒုတိယတန်း မြန်မာဖတ်စာများကို ကချင်ဘာသာသို့ ပြန်ဆိုရန်ဖြစ်ပါတယ်။ ကျွန်မတို့ အဖွဲ့တွေသည် ဒီစာအုပ်များကို ကချင်ဘာသာသို့ပြန်ဆိုရာတွင် များစွာအခက်အခဲတွေ့ရပါတယ်။ သူငယ်တန်း မြန်မာဖတ်စာ၊ “က ကလေးငယ်ချစ်စဖွယ်”၊ “ခ ခရေကုံး မလေးပြုံး”ကနေစတာ။ ကျွန်မတို့ ကချင်က အက္ခရာက “ကခဂ” နဲ့မလာဘဲနဲ့ ကျွန်မတို့က “အာအားအဲ့အယ်အဲ” နဲ့လာတဲ့ အတွက်ကြောင့် ဒီမှာတင် ပြဿနာဖြစ်နေပါပြီ။

ပြီးရင် ကျွန်မတို့ ကချင်စကားဟာ ဒီကချင်စကားအချို့လည်းပဲ မရှိဘူး၊ ဒါကို ပြန်ဖို့ရန် မရှိဘူး။ ဥပမာအချို့ကို တင်ပြရမယ်ဆိုရင် “ဇော်က ကနေသည်၊ ခါးကော့ထားသည်”ဆိုတာ ပြန်ဆိုရာ

မှာ ကချင်မှာ ဇော်ဂျီဆိုတဲ့ စကားမရှိပါ။ ကချင် ဒဏ္ဍာရီ ပုံပြင်တွေထဲမှာ ကချင်ယဉ်ကျေးမှုမှာ ဇော်ဂျီဆိုတာမရှိလို့ပါပဲ။ "ဆွမ်းအုပ်နီနီ၊ အမေရွက်လို့ နက်ဖြန်မနက်ကျောင်းတက်မယ်" ဆိုတဲ့ ဒီစာလေးမှာလည်းပဲ "ဆွမ်းအုပ်"ဆိုတာ ကချင်တွေက မသုံးဘူး။ ရှိလည်းမရှိတဲ့အတွက်ကြောင့် ဆွမ်းအုပ်နဲ့ညီမျှသော ကချင်စကားလုံးကိုလည်း ကျွန်မတို့က ရှာမတွေ့ပါဘူး။ "ဖိုးသာထူး၊ ဖိုးသားထူး အလွန်ဝတဲ့ဖိုးသာထူး"ဒါလည်း သူက ကာရန်လေးနဲ့ဆိုပေမယ့် ကျွန်မတို့က ဒါကို ဘာသာပြန်တဲ့အခါမှာ ကာရန်လေးနဲ့လည်း မထွက်နိုင်ဘူး။ ဒီလိုဒီလို အခက်အခဲတွေများစွာနဲ့ ကျွန်မတို့က ပြုစုခဲ့ရပါတယ်။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့က အဆီလျော်ဆုံးဖြစ်အောင် ကြိုးစားပြီးတော့ ဒီစာအုပ်ပြန်ဆိုမှုကို အပြီးသတ်ခဲ့ပါတယ်။ ချိန်းဆိုတဲ့နေ့ရောက်တော့ နေပြည်တော်မှာ ဒေါက်တာမြအေးနဲ့ပြန်လည်တွေ့ဆုံတဲ့အခါ ကျွန်မတို့ ပြန်ဆိုထားတဲ့စာအုပ်များကို မသုံးပါဘူးတဲ့။ အရင်က ကချင်တွေသင်တဲ့ ကချင်စာကိုပဲသုံးမယ်။ အတန်းလိုက်ပြန်ခဲ့ပြီးတော့ နောက်တစ်မျိုး ပြန်လုပ်ခိုင်းပါတယ်။ ကြိုးစားခဲ့ရသမျှ သဲထဲရေသွန်သလို ဖြစ်သွားပါတယ်။ ကျွန်မကို Power Point အနည်းငယ်သုံးခွင့်ပြုပါရန် တောင်းခံပါတယ်။

ယခုတွေ့ရတဲ့ပုံက ကျွန်မတို့ ဒီကချင်စာသင်တဲ့အခါမှာ Teacher's Guide Book လို့ခေါ်မှာပေါ့၊ ဒီဟာကို အဓိကထားပြီးတော့ ကျွန်မတို့က ပြန်ပြီးတော့ ဒီစာအုပ်ကို ပြန်ပြီးတော့ လုပ်ပေးပါတယ်။ ဒီစာအုပ်က ဆရာ၊ ဆရာမများအတွက် Guide Book ဖြစ်ပါတယ်။ ခဲရာခဲဆစ်ပြုစုထားတဲ့စာအုပ်များဖြစ်ပြီးတော့ အခု တချို့ကျောင်းတွေမှာ သင်နေတဲ့ သူငယ်တန်း၊ ပထမတန်းနဲ့ ဒုတိယတန်းဖတ်စာများဖြစ်ပါတယ်။ ဒါက ကချင်စာမှာ အဓိကလိုက်နာရမယ့် အချက်တွေကို ပြထားတာဖြစ်ပါတယ်။ ဒီစာအုပ်ကတော့ ကချင်စာ၊ သူငယ်တန်းဖတ်စာဖြစ်ပါတယ်။ ပထမတန်းဖတ်စာ ဖြစ်ပါတယ်။ ဒုတိယတန်းဖတ်စာဖြစ်ပါတယ်။ ဒါက ကချင် အက္ခရာဖြစ်ပါတယ်။ ခုနက ကျွန်မတို့ "က ကလေးငယ်ချစ်စဖွယ်''ကနေစပြီးတော့ ပြဿနာဖြစ်သွားတာကြောင့် ကျွန်မတို့က "အာအားအဲ့အယ်အဲ'' ဒီလိုလာတာ၊ ဟိုဟာနဲ့ ဘယ်လိုမှ ကျွန်မတို့ အဆင်မပြေနိုင်ပါဘူး။ ဒါက ခုနက Capital Letter နဲ့ရေးတဲ့ဟာ၊ ဒါက Small Letter ဖြစ်ပါတယ်။ ဒါက ခုနကကျွန်မပြောတဲ့ "က ကလေးငယ် ချစ်စဖွယ်" "ခ ခရေကုံး မလေးပြုံး"ကို ကချင်က A aman bum yaung myif hkrum စသည်ဖြင့် သူ့ ကဗျာလေးလိုလို ရွတ်ဆိုရတယ်။ အားလုံးပါတဲ့ အက္ခရာစဉ်ဖြစ်ပါတယ်။


ဒါကတော့ ကလေးတွေကို ကချင်လို တစ်၊ နှစ်၊ သုံး သင်ပေးတာ ဖြစ်ပါတယ်။ Langai Nhpye hkai, Lahkawng Jawng de yawng, Masum Manang hte hkrum (ကချင်ဘာသာအသံဖြင့် ရွတ်ဆိုပါသည်) စသည်ဖြင့် ဒီလိုကာရန်လေးနဲ့ သင်တဲ့အတွက်ကြောင့် ကလေးတွေကလည်း အလွယ်တကူသိနိုင်ပါတယ်။ ပြီးရင် ဒါပုံပြင်လေးတွေပါ ပါတယ်။ အဲဒီစာအုပ်ထဲမှာ ပုံပြင်အများစုကတော့ စည်းလုံးမှုကိုပြသတဲ့ သင်ခန်းစာပညာပေးတဲ့ ပုံပြင်လေးတွေဖြစ်ပါတယ်။ ဒါလည်း ဒီလိုပါပဲ၊ ပုံပြင်လေးပါပဲ။ ဒါလည်း ပုံပြင် ဖြစ်ပါတယ်။ ဒါလည်း ပုံပြင် ဖြစ်ပါတယ်။ ဒါကတော့ ကချင်စာကို သင်ပေးတဲ့ ဆရာ၊ ဆရာမတွေ ဖြစ်ကြပါတယ်။ သူတို့ကို ချီးမြှင့်ငွေအနေနဲ့ တစ်လကို (၃၀၀၀၀) ကျပ် ပေးတယ်လို့ ပြောပါတယ်။

ဒါပေမဲ့ ဒီဆရာမတွေက ပိုက်ဆံကိုတိုးပြီးတော့ ပေးပါလို့ ပြောပါတယ်။ ပြီးရင် သူတို့ကို အချိန်ပိုင်း အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်ပါဆိုပြီးတော့လည်း တောင်းဆိုလာတာလည်း ရှိပါတယ်။ စစ်ကိုင်းမှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်ရှိပါတယ်။ တိုင်းရင်းသားများရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို သင်ကြားပေးခြင်းမရှိကြောင်းကိုလည်း သိရပါတယ်။ ဆရာဖြစ်သင်တန်းမှူသာဖြစ်တယ်။ ထိုကြောင့် ကချင်ပြည်နယ်တွင် ကချင်ယဉ်ကျေးမှုသင်တန်းကျောင်းများ ဖွင့်လှစ်ပါရန် လွှတ်တော်သို့ တင်ပြပေးပါဆိုပြီးတော့ တောင်းဆိုလာပါတယ်။ သင်တန်းကျောင်းဖွင့်မယ့် နေရာနဲ့ ဘတ်ဂျက်ကိုလည်းပဲ ချပေးမယ်ဆိုရင် အင်မတန်မှ ဝမ်းသာကြမှာဖြစ်ပါတယ်လို့လည်း ပြောခိုင်း လိုက်ပါတယ်။

အဆိုရှင်၏ အဆိုတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း ဝေးလံခေါင်သီတဲ့ဒေသများမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲရေးအတွက် ဖြစ်ပါ တယ်လို့ ဆိုထားပါတယ်။ ငြိမ်းချမ်းရေးမရလျှင် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဟာ မရရှိနိုင်ပါ။ ပြီးခဲ့တဲ့ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်နေ့အထိ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီပါဝင်တဲ့အဖွဲ့များ၊ အရပ်ဘက်အဖွဲ့များ ပါဝင်ကြတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို အောင်အောင်မြင်မြင် ကျင်းပပြီးစီးသွားပြီဖြစ်ပါ တယ်။ ဤညီလာခံကြီးသည် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၏ ပထမဆုံး ခြေလှမ်း ဖြစ်ပါတယ်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ပြောသွားပါတယ်။

ဒါကြောင့်မိုလို့ ကျွန်မတို့က ငြိမ်းချမ်းရေးရရှိပြီးမှသာလျှင် တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် ယခု ဦးခင်အောင်မြင့် ရဲ့ အဆိုကို မှတ်တမ်းတင်ထားနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ကချင်အက္ခရာ(Capital Letter) ဖတ်စာပုံ (ဘ)



ကချင်အက္ခရာစဉ်ဖြင့် ကဗျာဖတ်စာပုံ (ဘ-၁)




ကချင်ဘာသာဖြင့် တစ်၊ နှစ်၊ သုံး သင်ပေးသောဖတ်စာပုံ (ဘ-၂)




**အချိန်၊ ၁၁:၅၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၅၂။**

**ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ် ဖြစ်ပါတယ်။ ဒီနေ့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းသော တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူး စီမံကိန်းချမှတ်၍ စဥ်ဆက်မပြတ်အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တိုင်းရင်းသား မျိုးနွယ်စုများစုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပြီး လွတ်လပ်ရေးကိုလည်း ပင်လုံ စိတ်ဓာတ်နဲ့ အတူတကွ ရယူခဲ့ကြပါတယ်။ လွတ်လပ်ရေးရယူပြီးချိန်မှစ၍ တိုင်းရင်းသားဘာသာ စကားကို သက်ဆိုင်ရာဒေသအသီးသီးမှာ သင်ကြားခွင့်ရခဲ့ပေမယ့် ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာ တိုင်းရင်းသားဘာသာစာပေသင်ကြားခွင့် ပိတ်ပင်ခြင်းခံခဲ့ရပါတယ်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ဆုံးရှုံးနစ်နာနေသော တိုင်းရင်းသားစာပေနှင့် ယဥ်ကျေးမှုဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးတန်းတူ အခွင့် အရေးရရှိဖို့၊ တိုင်းရင်းသားဒေသမှာရှိတဲ့ ကလေးသူငယ်များ စာတတ်မြောက်မှုနှုန်းမြင့်မားဖို့ အားလုံး ကြိုးစားလုပ်ဆောင်ရမယ့် အချိန်လည်း ဖြစ်နေပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ အသိဉာဏ်မြင့်မားလာမှလည်း မတူကွဲပြားမှုတွေနဲ့ ရှင်သန်နေထိုင်နိုင်မှာဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲလာမှာဖြစ်ပါတယ်။ နိုင်ငံတကာ ယူနက်စကို ညီလာခံကြီးမှာလည်း နိုင်ငံတကာမိခင်ဘာသာစကားများနေ့ကို သတ်မှတ်ပေးပြီး ဘာသာစကားတွေ ကိုထိန်းသိမ်းစောင့်ရှောက်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားပေးဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ လူဦးရေ(၅၁.၄၉)သန်းမှာ အသက်(၅)နှစ်မှ (၁၆)နှစ် အရွယ် ကလေးသူငယ်ပေါင်း(၂.၇)သန်းမှာ ကျောင်းပြင်ပသို့ ရောက်ရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံ ရဲ့ အနာဂတ်အတွက် အလွန်များပြားတဲ့အရေအတွက် ဖြစ်နေပါတယ်။

ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးချင်တာကတော့ တိုင်းရင်းသားဒေသတွေတင် မဟုတ် ဘဲ တစ်နိုင်ငံလုံးစာမတတ်သူ ပပျောက်ရေး၊ ကျောင်းနေနှုန်းမြှင့်တင်ရေးနဲ့ အသက်မွေးဝမ်းကျောင်း ပညာရေးများကို တစ်နိုင်ငံလုံးအနေနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ လက်ရှိအချိန်မှာ လည်း ယခုကိစ္စကို ပညာရေးဝန်ကြီးဌာနမှာလည်း အပြောင်းအလဲများစွာနဲ့ ပြင်ဆင်ကြိုးစား လုပ်ဆောင်နေတယ်ဆိုတာကို ယုံကြည်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေးနှင့် တိုင်းရင်းသားစာပေ၊ ယဥ်ကျေးမှုတိုးတက်ရေးတို့မှာ ဆက်စပ်လျက်ရှိနေပါတယ်။ မူလတန်းအဆင့်မှာ မိမိတိုင်းရင်းသားဘာသာစကားကို အဓိကအခြေခံပြီး ဘာသာစကားနှစ်မျိုးဖြင့် သင်ကြားပေးစေလိုပါတယ်။ ပြဋ္ဌာန်းချက် သင်ရိုးညွှန်းတမ်းများကိုလည်း တိုင်းရင်းသားယဥ်ကျေးမှု သမိုင်းနဲ့ ဆက်စပ်ပြီး ပြင်ဆင်ပြဋ္ဌာန်းဖို့ လိုအပ်နေပါတယ်။

တိုင်းရင်းသားဒေသမှာ လူမျိုးစုအကွဲကွဲအပြားပြားရှိနေတာကြောင့် အဆိုရှင်ပြောသွားတဲ့ အတိုင်း အားလုံးလက်ခံနိုင်တဲ့ Common Language တစ်ခုကို ရွေးချယ်ဖို့လိုအပ်ပါတယ်။ တိုင်းရင်းသားဒေသများ၏ ကျောင်းဖွင့် ပညာသင်ကြားချိန် အချိန်ကာလကိုလည်း မိမိတို့ဒေသ၏ ရာသီဥတု၊ ယဥ်ကျေးမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆီလျော်သောအချိန်ကာလကို ကျောင်းဖွင့်ပညာ

သင်ကြားချိန်အဖြစ် ပြောင်းလဲသတ်မှတ်သင့်ပါသည်။ တိုင်းရင်းသားဒေသပညာရေးမြှင့်တင်ဖို့ ဆိုရင် အမျိုးသားပညာရေးဥပဒေ အခန်း(၅)မှာ ပြဋ္ဌာန်းထားတဲ့ (၁) ကျောင်းပညာရေး၊ (၂) ကျောင်းပြင်ပ ပညာရေး၊ (၃) ကိုယ်တိုင်သင်ပညာရေး နည်းလမ်း(၃)မျိုးစလုံးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ပေးရမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားမျိုးနွယ်စုများ စာမတတ်သူ ပပျောက်ရေးနှင့် အဆင့်မြင့်ပညာသင်ကြားနိုင်ရေး၊ တိုင်းရင်းသားစာပေ ထွန်းကားရေးတို့နှင့် ဆက်စပ်ပြီး အမှန်တကယ် ဖြေရှင်းရမည့်ပြဿနာမှာ နိုင်ငံရေးပြဿနာပင်ဖြစ်ပါသည်။ ယခုလက်ရှိအချိန်မှာလည်း နိုင်ငံတော်အစိုးရမှ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အထူးဦးစားပေးပြီး အားသွန်ခွန်စိုက် လုပ်ဆောင် လျက်ရှိပါတယ်။ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကိုသာ ကျင့်သုံးဖော်ဆောင်နိုင်ခဲ့လျှင် တိုင်းရင်းသားဒေသများတွင် ပညာရေးမြှင့်တင်မှုအပိုင်းမှာ Invisible Hand ကိုယ်ပျောက်လက် သဘောမျိုးဖြစ်ပြီး သူ့ပြည်နယ်နဲ့သူ ထိန်းညှိဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေဖြင့် ပြောကြားလိုသည်မှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းသော တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနှင့် တိုင်းရင်း သား စာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တိုင်းရင်းသား ပြည်သူလူထု လိုလားနေသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကိုသာ ဖော်ဆောင်ပေးခြင်းဖြင့်သာ လုပ်ဆောင်နိုင်လိမ့်မည်ဟု အကြံပြု ဆွေးနွေးအပ်ပါသည် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၁း၅၇။**

**ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ကျက်သရေ မင်္ဂလာအပေါင်း ခညောင်း ကြပါစေခင်ဗျား။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး ကာယစိတ္တ နှစ်ဖြာနှစ်ဝ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ရှမ်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးညီစိန်မှ ပတ္ထနာပြု ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်အောင်မြင့် ရဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံချက် ချမှတ်၍ စဉ်ဆက်မပြတ်အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို

ကျွန်တော် အပိုင်း(၃)ပိုင်းခွဲပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အကယ်၍ အချိန်မလုံလောက်ပါက အနည်းငယ်ထပ်တိုးပေးဖို့ ကြိုတင်ပြီးတော့မှာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ မဆွေးနွေးခင်မှာ ပညာရေးလောကမှ အညတရဝန်ထမ်းဘဝကနေ ကူးပြောင်းလာတဲ့ ကျွန်တော့်အနေနဲ့ အဆိုရှင် ဦးခင်အောင်မြင့်ကို ကျေးဇူးဥပကာရ များစွာတင်ရှိပါကြောင်းနှင့် များစွာ ဂုဏ်ယူလေးစားရပါကြောင်း ပဏာမအနေနဲ့ တင်ပြအပ်ပါတယ်။

(က) စာမတတ်သူပပျောက်ရေး ကဏ္ဍအလို့ငှာ နိုင်ငံတော်အစိုးရအဆက်ဆက်မှ မူလတန်းပညာ မသင်မနေရစနစ်တွေ၊ "အ" သုံးလုံးကျေ သင်တန်းတွေနှင့် "အ" သုံးလုံးကျေ ညကျောင်းတွေဖွင့်လှစ်သင်ကြားခဲ့တာကို ဝမ်းသာအားရမြင်တွေ့ခဲ့ရပါတယ်။ သို့သော် နယ်ဘက်ကျေးလက်တောရွာတွေမှာ ဒီနေ့ဒီအချိန်အထိ သေစာ ရှင်စာဖတ်တတ်သူ (၂၀)ရာခိုင်နှုန်းခန့်သာ ရှိပါလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ယခုလက်ရှိ နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံပညာစာသင်ကျောင်းများအပြင် ကျောင်းပြင်ပ ပညာရေးစနစ်နှင့် ကျောင်းချိန်ပြင်ပ ပညာရေးစနစ်များ တွင်တွင်ကျယ်ကျယ် ထွန်းကားလာအောင် ဆောင်ကြဉ်းပေးနိုင်ဖို့ လိုအပ်ပါကြောင်း ထောက်ခံတင်ပြ ဆွေးနွေးအပ်ပါတယ်။

(ခ) အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးကဏ္ဍအလို့ငှာ ဒေသန္တရအခြေအနေနဲ့ စားဝတ်နေရေး အခြေအနေအပေါ် ဆက်နွယ်ပတ်သက်နေတာကို သုံးသပ်မြင်တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ဆိုရပါလျှင် အခြေခံအုတ်မြစ်ဖြစ်သည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် အတန်းပညာများ မအောင်မြင်ခဲ့ပါက အဆင့်မြင့်ပညာများသင်ကြားနိုင်ဖို့ရန် မည်သည့်နည်းနဲ့မျှ မဖြစ်နိုင်တဲ့အတွက် မျိုးဆက်သစ်များအတွက် အဆင်ချောနိုင်ရန်မှာ လတ်တလောအခြေအနေအရ အသက်မွေးဝမ်းကျောင်းပညာရပ်များ လွယ်လင့်တကူ သင်ကြားနိုင်ခွင့်ရရှိရေး၊ ဆောင်ကြဉ်းပေးနိုင်ဖို့ တင်ပြလိုပါတယ်။ အဆင့်မြင့်ပညာသင်ကြားရေးဆိုရာမှာ ကျွန်တော်တစ်ချက် ဖြည့်စွက်တင်ပြလိုတာကတော့ သင်ကြားမှု၊ သင်ယူမှုကို မြှင့်တင်ပေးဖို့ဖြစ်ပါတယ်။ တစ်ခေတ်တစ်ခါက ကမ္ဘာပေါ်မှာ မြန်မာ့ပညာရေး ထွန်းတောက်ခဲ့တာကို လေ့လာရတဲ့အတွက် ပြန်လည်ပြီး တမ်းတမိပါတယ်ခင်ဗျား။ အရင်တစ်နေ့က ရန်ကုန်တိုင်းကြီးမဲဆန္ဒနယ်အမှတ်(၁၂)က ဆရာကြီး ဦးကျော်နိုင် တင်ပြသွားတဲ့အတိုင်းပါပဲ အပေါ်ယံလောက်ပဲ ပါးပါးကလေးဆိုလို့ရှိရင် လယ်ကွင်းထိုထို တက္ကသိုလ် မြင်မြင်သမျှ ပါမောက္ခဆိုတဲ့ ပုံစံမျိုးဆိုရင် ကျောင်းသူ၊ ကျောင်းသားတွေအဖို့ အချိန်ကုန်ရကျိုး မနပ်နိုင်ပါ။ သင်ကြားမှု၊ သင်ယူမှု အဆင့်မြှင့်နိုင်ဖို့ နိုင်ငံတော်ဘက်ကနေပြီးတော့မှ တွန်းအားပေးဖို့ အထူးလိုအပ်ပါတယ်။

(ဂ) တိုင်းရင်းသားစာပေ ထွန်းကားရေးကဏ္ဍအလို့ငှာ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်လို့ ပါရှိပါတယ်။ လက်တွေ့ဆောင်ရွက်မှုအပိုင်းကို သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် အဲဒီ ဥပဒေပုဒ်မဟာ ယနေ့ဒီအချိန်အထိ အခြေခံဥပဒေစာအုပ်ကြီးထဲကနေ ခေါင်းပြူမထွက်နိုင်သေးပါဘူးလို့ပဲ စိတ်မကောင်းစွာ သုံးသပ်ခံစားရပါတယ်။ မှတ်မှတ်ရရ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှာ ကျွန်တော်တို့ မူဆယ်မြို့နယ်၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ ကမကထပြုပြီးတော့မှ မြို့နယ်ပါတီ ကော်မတီဝင်တွေကို "တအာင်း" စာပေတတ်မြောက်ရေး မွမ်းမံသင်တန်းဖွင့်လှစ်ရာမှာ သက်ဆိုင်ရာကနေပြီးတော့မှ တယ်လီဖုန်းနဲ့ တစ်ဖက်လှည့် ခြိမ်းခြောက်တာကို ခံခဲ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ ကိုယ်စားပြုမဲဆန္ဒနယ် မူဆယ်မြို့နယ်မှာဆိုလို့ရှိရင် အထက်ဖော်ပြပါ အခြေခံဥပဒေပုဒ်မ ရှိထားပါလျက်နဲ့ ယနေ့အထိ တိုင်းရင်းသားစာပေပညာသင်ကျောင်း တစ်ကျောင်းတလေမှ မပေါ်ထွန်းသေးပါ။ တရုတ်စာသင်ကျောင်းတွေကတော့ တာဝတိံသာဗိမာန် နတ်ပြည်နန်းက နတ်မင်းကြီးရဲ့ဘုံတမျှ ကြီးမားခန့်ညားလှတာကို အံ့သြဘနန်း မြင်တွေ့ရပါတယ်ခင်ဗျား။ အဲဒီ တရုတ်ပညာသင်ကျောင်းတွေမှာ ပညာသင်ယူနိုင်ကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသားကလေးတွေကတော့ (.၀၁)ရာခိုင်နှုန်းခန့်သာရှိနိုင် ပါလိမ့်မယ်လို့ ဝမ်းနည်းစွာ ခန့်မှန်းရပါတယ်။ တိုင်းရင်းသားဘာသာ ပညာသင်ကျောင်းတွေ မဖွင့်နိုင်လေတော့ အထက်ဖော်ပြပါ ပုဒ်မနဲ့လျော်ညီအောင် ကျောင်းချိန် အစိတ်အပိုင်း သို့မဟုတ် ကျောင်းချိန်ပြင်ပတွေမှာ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှု အနုသုခုမ ပညာတွေသင်ကြားပို့ချပေးတဲ့ တိုင်းရင်းသား ဆရာ၊ ဆရာမတွေကို ချီးမြှင့်ငွေလောက်နဲ့ မတင်းတိမ်ဘဲ ထိုက်တန်တဲ့ပံ့ပိုးစရိတ်များ ချမှတ်ပေးနိုင်မယ်ဆိုလို့ရှိရင်ဖြင့် အဆိုရှင်တင်သွင်းတဲ့ အသိဉာဏ်ပညာသည်သာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲမှုအတွက် အဓိကသော့ချက်ဆိုတာ ဖြစ်လာမှာ ဖြစ်ပါတယ်။ အခြေခံပညာသင်ကျောင်းတွေမှာ တိုင်းရင်းသားဘာသာကို သင်ကြားမှု၊ သင်ယူမှုမပြုနိုင်ဘူးဆိုရင် တချို့တိုင်းရင်းသားမိဘတွေက နေပြီးတော့မှ တိုင်းရင်းသားကလေးတွေကို ပညာသင်ကျောင်းတောင် ပေးမတက်ချင်တော့တဲ့ သာဓကတွေ ရှိလာပါတယ်။ ကလေးတွေကို အခြေခံပညာသင်ကျောင်းတွေမှာ ပညာပေးသင်ရင် ငါတို့ဘာသာစကားလည်း မေ့ပျောက်၊ ငါတို့စာပေလည်း မရေးတတ်၊ ငါတို့ ယဉ်ကျေးမှု အနုသုခုမပညာတန်ဖိုးလည်း မထားတတ်၊ အဆိုးဝါးဆုံးကတော့ ငါတို့ တိုင်းရင်းသား နာမည်တွေကိုလည်း မမှည့်ခေါ်လိုတဲ့အတွက် ဒီပညာမျိုး တတ်မြောက်တာများရင် လူမျိုးပါ ဝါးမျိုခံရမယ်ဆိုပြီးတော့မှ မိဘတွေက နေပြီးတော့မှ ပြောဆိုလာကြတာ နားနဲ့မဆံ့အောင်ပါပဲခင်ဗျား။ အဖြစ်အပျက်မှန်ကို သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် မိဘတွေဘက်က အလွန်မဟုတ်ရပါ။ ပြည်မဘက်ကနေ ရောက်လာကြတဲ့ တချို့ဆရာ၊ ဆရာမတွေကနေပြီးတော့ တိုင်းရင်းသားကလေးတွေရဲ့ နာမည်တွေကို ခေါ်ရခက်တယ်ဆိုပြီး ခေါ်ရ အဆင်ပြေအောင် နာမည်တွေပြောင်းပြီး မှည့်ခေါ်လိုက်တဲ့အခါ မိရင်းဖရင်းကိုယ်တိုင်က မိမိသားသမီးအရင်းတွေရဲ့နာမည်ကို ပြန်မခေါ်တတ်တဲ့ သာဓကတွေလည်း ဒုနဲ့ဒေးပါခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးခင်အောင်မြင့် နိဂုံးချုပ်တင်ပြတဲ့ စည်းလုံးညီညွတ်တဲ့ အမျိုးသားစိတ်ဓာတ်ရှိဖို့ သွေးကွဲရင်အင်အားချည့်နဲ့မယ်၊ အားလုံးလက်ခံနိုင်တဲ့ Common Language တစ်ခု ညှိနှိုင်းအတည်ပြုဖို့ လိုအပ်တယ်ဆိုတဲ့အဆိုကို ကျွန်တော်ရာနှုန်းပြည့် ထောက်ခံပါတယ်။ အခြေခံစိတ်ရင်းစေတနာအမှန်နဲ့ တန်းတူညီတူဆိုတဲ့ မွေးရာပါအခွင့်အရေးပါ ပါမှ လိုရာပန်းတိုင်သို့ တက်လှမ်းနိုင်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဥပမာအားဖြင့် နိုင်ငံတော်က ဦးဆောင်ကျင်းပတဲ့ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေမှာ တိုင်းရင်းသားရင်သွေးငယ်တွေကနေပြီးတော့ ကိုယ့်ရိုးရာဝတ်စုံဝတ်ပြီး ကိုယ့်တိုင်းရင်းသားရိုးရာသီချင်းများ သီဆိုခွင့်ရမယ်ဆိုလို့ရှိရင် နိုင်ငံတော်သီချင်းရဲ့ ခြေဆင်းမှာ ပါတဲ့အတိုင်း "ခွင့်တူညီမျှဝါဒဖြူစင်တဲ့မြေ" ဆိုတဲ့ အနေအထားပြယုဂ်ပေါ်မှာ ပေါ်လာပြီး စည်းလုံးညီညွတ်ခြင်းဆိုတဲ့ အခြေခံ သဘောတရား ပါရှိလာမှာ ဖြစ်ပါတယ်။

ကျွန်တော် နိဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြလိုတာကတော့ ပညာရေးသည် နိုင်ငံ့ အကျပ်အတည်း အခက်အခဲများအားလုံးကို ဖြေရှင်းရာ အဓိကကျသော သော့ချက်ဟု ပညာရှင်အသီးသီးက

ထောက်ပြပြောဆိုလာတာနဲ့အညီ နိုင်ငံသားတိုင်း မြို့ရောတောပါမကျန် ပညာတတ်မြောက်စေရန် ပြည်ထောင်စုအစိုးရမှ အထူးစီမံကိန်းများချမှတ်၍ စဥ်ဆက်မပြတ် အားပေးမြှင့်တင်ရန်ဆိုသည့် အဆိုရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် ရဲ့ အဆိုကို ဂုဏ်ယူလို့က်လှဲစွာ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၇။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် ရဲ့ အဆိုကို အပြုသဘောနဲ့ ကျေးဇူးတင်ကြိုဆိုပါတယ်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် မလုပ်ဆောင်နိုင်ခဲ့တာမို့ ပြည်သူကို မျက်နှာမူတဲ့ ပြည်သူ့အစိုးရလက်ထက်မှာ ယုံကြည်အားကိုးတာလို့ ယူဆပါတယ်။ နိုင်ငံ တစ်နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ အဆင့်တန်းဟာ အဲဒီနိုင်ငံရဲ့ ပညာရေးအဆင့်အတန်းပေါ် တည်နေသလိုပဲ ကျွန်မတို့နိုင်ငံဟာ အဆိုရှင်ပြောသလိုပဲ ဒီနေ့ ပညာချို့တဲ့ပြီးနောက် ခေတ်နောက်ကျပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့သမိုင်းမှာ ပါလီမန်ဒီမိုကရေစီခေတ်မှာ ပညာရေးအဆင့်အတန်း မြင့်မားခဲ့ပေမယ့် ဒီနောက်ပိုင်းမှာ တဖြည်းဖြည်းနိမ့်ကျလာခဲ့တာ နှစ်(၆၀)အတွင်း တောင်ပေါ်ဒေသတိုင်းရင်းသားများ နေထိုင်ရာ ကျွန်မမဲဆန္ဒနယ်ရဲ့ အခြေအနေလေးကို တင်ပြပေးချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးဖို့နဲ့ အချိန်မလုံလောက်ပါက အချိန် တိုးမြှင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ လူဦးရေ(၁)သိန်းကျော်ရှိပြီး Refugee လို့ခေါ်တဲ့ နေရပ်စွန့်ခွာသွားတဲ့ ဒုက္ခသည်တွေ၊ ရွာပုန်းရွာရှောင်ရတဲ့ IDP တွေ၊ ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်ရတဲ့ လူတွေ၊ စစည်းရွာတွေ၊ ပြည်ထဲရေးမှာ မပါဝင်သေးတဲ့ ကျေးရွာတွေရှိတဲ့ မဲဆန္ဒနယ်ပါ။ ကျွန်မရဲ့ မဲဆန္ဒနယ်ရဲ့ ပညာရေးအခြေအနေလေးကို တင်ပြပေးချင်ပါတယ်။ လက်ရှိ ပညာသင်ကြားတဲ့သူ (၂)သောင်းကျော်၊ ကျောင်းအရေအတွက်က (၂၀၀)ကျော်ပါ။ ကျောင်းသားဦးရေနဲ့ ကျောင်းအချိုးကို ကြည့်မယ်ဆိုလို့ရှိရင် ပညာရေးဝန်ထမ်းလိုအပ်ချက်တွေ၊ ပညာရေးကျောင်း လိုအပ် ချက်တွေရှိနေပါတယ်။ မူလတန်းအဆင့်မှာ (၁၅၀၀၀)ကျော်ရှိပေမယ့် နှစ်စဥ်နှစ်တိုင်း အခြေခံပညာ အထက်တန်းကို ဖြေဆိုတဲ့ လူ(၁)ထောင် ဝန်းကျင်ပဲရှိပါတယ်။ နှစ်စဥ် အခြေခံပညာအထက်တန်းကို ဖြေဆိုအောင်မြင်သူကလည်း (၁၀၀)ဝန်းကျင်ပဲ ရှိတယ်။ ရုပ်ပိုင်းဆိုင်ရာအနေနဲ့ ကျောင်း၊ ဝန်ထမ်း လိုအပ်ချက်ရှိသလိုပဲ နာမ်ပိုင်းဆိုင်ရာအနေနဲ့ ဘာသာရပ်ကျွမ်းကျင်မှုနဲ့ အရည်အသွေး အားနည်းနေ တာတွေ တွေ့ရပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ စာတတ်မြောက်မှု ၂၀၁၄ ခုနှစ်၊ စာရင်းအရ ဒုတိယအနည်းဆုံး (၇၄.၄) ရာခိုင်နှုန်းဖြစ်တဲ့ ကရင်ပြည်နယ်ရဲ့ အခြေခံပညာအထက်တန်းအောင်ချက် အနိမ့်ဆုံးဖြစ်တဲ့ ဒေသဖြစ်ပါတယ်။ နည်းပညာမြင့်မားလာတဲ့ ဒီခေတ်မှာ လမ်းပန်းဆက်သွယ်ရေးက အခရာမကျဘူးလို့ ဆိုပေမယ့် ဘယ်အစိုးရဝန်ထမ်းကမှ ကျွန်မတို့ဒေသကို မလာချင်ပါဘူး။ ပညာရေးဝန်ထမ်းတွေ အတွက် သွားရေး၊ လာရေး၊ နေရေးအခက်အခဲနဲ့ ဝေးလံတဲ့ ကျောင်းလေးတွေဆီကို သွားရမယ့် ကျောင်းနေအရွယ် ကလေးငယ်တွေရဲ့ အခက်အခဲကြောင့် အခြေခံပညာကိုတောင် လက်လှမ်းမမီသလို ပညာရေးဝန်ထမ်းကိုလည်း (၉)တန်းအောင်အဆင့်နဲ့ ခန့်ပေးနေရတဲ့အခြေအနေပါ။ အဆင့်မြင့်ပညာကို မော်မကြည့်နိုင်တဲ့ အနေအထားပါ။ ဒီလိုဖြစ်နေရတာဟာ နှစ်ပေါင်းများစွာအတွင်းမှာ ကျွန်မရဲ့ တိုင်းရင်းသားတွေ၊ အကြောက်တရားတွေနဲ့အတူ၊ အဆိုရှင်ပြောသလိုပဲ တောချုံတောင်ကြားမှာ ဟိုတစ်စု၊ ဒီတစ်စု ပုန်းလျှိုးကွယ်လျှိုး နေထိုင်စားသောက်ခဲ့ရတာပါ။ ပညာရေးအပြင် စီးပွားရေး၊ လူမှုရေးပါ နိမ့်ကျခဲ့ရပါတယ်။ ဒေသဖွံ့ဖြိုးရေးမရှိခဲ့သလို ဘဝလုံခြုံမှု မရှိခဲ့ရပါဘူး။ ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ ဘဝလုံခြုံဖို့၊ ဒေသဖွံ့ဖြိုးတိုးတက်လာဖို့ဆိုတာ အငတ်မွတ်ဆုံးက စစ်မှန်တဲ့ ငြိမ်းချမ်းရေးပါ။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးဖို့၊ အပြန်အလှန်လေးစားမှုနဲ့ တန်းတူအခွင့်အရေးတွေရဖို့ဆိုရင် စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီကနေ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ဘဝတွေကို ပြန်လည်ထူထောင်ဖို့ ပြည်သူတွေက ပြည်သူ့အစိုးရကို ရွေးချယ်ခဲ့တာပါ။ အစိုးရသစ်ကလည်း အရေးကြီးဆုံး၊ အလိုအပ်ဆုံး ဖြစ်တဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ (၂၁)ရာစု ပင်လုံညီလာခံကြီးကိုလည်း မကြာသေးမီက စတင်ကျင်းပနေပါပြီ။ ငြိမ်းချမ်းရေးရောင်နီသမ်းလာတော့ ကျွန်မရဲ့ တိုင်းရင်းသားတွေလည်း စွန့်ပစ်ခဲ့တဲ့ ကျေးရွာတွေဆီ ခြံမြေတွေဆီ အရောက်ပြန်လာကြပါပြီ။ စိတ်ချလုံခြုံစွာ အိပ်မပျော်ခဲ့ရတဲ့ ညတွေကနေ နိုးထလာခဲ့ပါပြီ။ ပြန်လည်ထူထောင်ရေးအတွက် ကြိုးစားလုပ်ဆောင်နေကြပါပြီ။ ကျွန်မတို့ တိုင်းရင်းသားအားလုံး တန်းတူညီမျှတဲ့ နိုင်ငံသားအခွင့်အရေးတွေကိုယ်စီနဲ့ မိမိတို့ရဲ့ စာပေ ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေဖို့ အပြန်အလှန်လေးစားမှုနဲ့ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်သွားဖို့ရည်ရွယ်ပြီး ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးကာကွယ်တဲ့ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အစိုးရသစ်အနေနဲ့လည်း ဒီရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးရဲ့ စာပေ၊ ယဉ်ကျေးမှုကိုထိန်းသိမ်းရင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ဖို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံ လုပ်ငန်းစဉ်တွေမှာလည်း အတိအလင်းဖော်ပြထားပြီး ဖြစ်ပါ တယ်။ ၂၀၁၄ စက်တင်ဘာ ၃၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ ပညာရေးဥပဒေမှာလည်း တိုင်းရင်းသား အားလုံးအတွက် တိုင်းရင်းသားစာပေထွန်းကားရေး၊ အဆင့်မြင့်ပညာသင်ကြားပြီး တိုင်းပြည်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ မြှင့်တင်ဖို့ ဖော်ပြထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သို့ပေမယ့်လည်း နှစ်ပေါင်းများစွာအကြာ ပျက်စီးသွားခဲ့တဲ့ ပညာရေး ကဏ္ဍနဲ့ လူနေမှုဘဝတွေဆိုတာ ရောမမြို့ကို တစ်ရက်တည်းနဲ့ တည်လို့မရသလိုပဲ နေ့ချင်း၊ ညချင်း

ပြန်လည်တည်ဆောက်လို့မရနိုင်ပါဘူး။ အစိုးရအသစ်အနေနဲ့လည်း အားနည်းချက်၊ လိုအပ်ချက်တွေကို သေသေချာချာလေ့လာသုံးသပ် ဆန်းစစ်ပြီးမှ တိုင်းရင်းသားထုတစ်ရပ်လုံးရဲ့ စည်းလုံးမှုအားနဲ့ စနစ်တကျ ခိုင်ခိုင်မာမာတည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားထုတစ်ရပ်လုံးရဲ့ စည်းလုံးမှုအားဆိုတဲ့ ငြိမ်းချမ်းရေးအခြေခိုင်မှသာ တိုးတက်ဖွံ့ဖြိုးဖို့ လှေခါးထစ်တွေကို တစ်ထစ်ခြင်း တက်လှမ်းရမှာ ဖြစ်ပါတယ်။ အထူးစီမံကိန်းတွေချပြီး မနိုင်ဝန်ကို အဆောတလျင်ထမ်းရင်း လှေခါးထစ် ကျော်တက်လို့မရပါဘူး။ အစိုးရအနေနဲ့လည်း ကျွဲကူးရေပါ တစ်ပါတည်းလုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်များဖြစ်တဲ့အတွက် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်ရဲ့ အဆိုကို မှတ်တမ်းတင် သင့်ပါကြောင်း ဆွေးနွေးအကြံပြုရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝမြင်ကွင်းပုံ (မ)



ဒေသ၏ လမ်းပန်းဆက်သွယ်ရေးမြင်ကွင်းပုံ (မ-၁)





**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်အောင်မြင့် ရဲ့ အဆိုရဲ့ အပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ ခေတ်စနစ်အမျိုးမျိုးမှာ ထမ်းဆောင်ခဲ့ရတဲ့ ရာထူးတာဝန်အဆင့်ဆင့်ရဲ့ အတွေ့အကြုံပေါ်မှာ အခြေခံပြီး အမျိုးသားနိုင်ငံရေး၊ ပညာရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အဆိုတစ်ရပ်ကို တင်သွင်းလာတဲ့အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီအချက်သုံးချက်ရဲ့အပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ ဖြတ်သန်းလာခဲ့ရတဲ့ ခေတ်စနစ်ရဲ့ အတိတ်က အရိပ်တွေရဲ့ လွှမ်းမိုးခံနေရတဲ့ အတွေးအမြင်၊ အယူအဆတွေကိုလည်း ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ တစ်ချိန်က ပါတီနိုင်ငံရေးဆောင်ရွက်ခွင့်မရှိတဲ့ တပ်မတော်အနေနဲ့ တိုင်းပြည်အုပ်ချုပ်ရေးကို တာဝန်ယူဆောင်ရွက်ခဲ့ရတဲ့ နိုင်ငံရေးအခင်းအကျင်းမှာ ပါတီနိုင်ငံရေးမလုပ်ပဲ အမျိုးသားနိုင်ငံရေး လုပ်သည်ဟု လိုအပ်ချက်အရ ခွဲခြားအသုံးပြုခဲ့ကြတာ တွေ့ရမှာ ဖြစ်ပါတယ်။ ယခုအခါ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ (ဃ)တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးလို့ အတိအလင်းပြဋ္ဌာန်းထားသလို၊ ပုဒ်မ ၄၀၅ (က)မှာလည်း စစ်မှန်၍ စည်းကမ်း

ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ဖို့ဆိုလျှင် နိုင်ငံရေးပါတီများ အားကောင်းမောင်းသန်ဖြစ်ဖို့ အထူးလိုအပ်ပါတယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှ ပြည်သူ့ဆန္ဒအမှန်နဲ့ ရွေးကောက်တင်မြှောက်ပေးလိုက်တဲ့ အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်သောပါတီ တစ်ပါတီကဖြစ်စေ၊ ညွန့်ပေါင်းပါတီများကဖြစ်စေ၊ ပြည်သူက အပ်နှင်းလိုက်တဲ့အာဏာကိုရယူပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွား၊ ပြည်ထောင်စုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ကြရမှာဖြစ်တဲ့အတွက် အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးကို ခွဲခြားပြောဆိုနေခြင်းဟာ ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ခေတ်စနစ်အရ ဆီလျော်မှုမရှိဘူးလို့ ရိုးသားစွာမှတ်ယူပြီး တင်ပြဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးအခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ (က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟူ၍လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ပုဒ်မ ၄၃ (ခ)တွင် အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံးဘာသာအဖြစ်တွဲဖက်အသုံးပြုနိုင်သည် ဟူ၍လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၄ တွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှ စတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်သည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ တိုင်းရင်းသားစာပေ ထွန်းကားရေးနှင့်စပ်လျဉ်း၍ အဓိကအကျဆုံးအချက်က ဒီမိုကရေစီကို ပြည့်ပြည့်ဝဝအသုံးချနိုင်မှုနဲ့ တိုင်းရင်းသားများလိုလားကြသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာတဲ့အခါမှာ မိမိတို့ရဲ့စကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းမြှင့်တင်နိုင်ဖို့ လုပ်ဆောင်နိုင်ခွင့် အခွင့်အလမ်းများ ရရှိနိုင်ကြမှာဖြစ်ပါတယ်။ ရရှိစေရမှာလည်း ဖြစ်ပါတယ်။ အဲဒီလိုအချိုးညီမျှတတဲ့ အခွင့်လျော်မှုကို ဖန်တီးတည်ထောင်ပေးရမှာ ပြည်သူကိုကိုယ်စားပြုသော ပြည်သူ့အစိုးရများရဲ့ တာဝန်ဖြစ်ပြီး မိမိတို့ ကိုယ်စီကိုယ်စီရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းမြှင့်တင်ဖို့အတွက် သက်ဆိုင်ရာတိုင်းရင်းသားများကိုယ်တိုင်က ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အစိုးရရဲ့တာဝန်ဟာ အခွင့်ဆီလျော်မှုကို ရရှိအောင် စီမံဆောင်ရွက်ပေးရခြင်းသာဖြစ်ပြီး ထိုအခွင့်ဆီလျော်မှုကို အသုံးချ၍ သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးအသီးသီးက ခွန်အားစိုက်ထုတ်ကြိုးစားတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စပြီးတိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို တိုးတက်စေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာရှိတဲ့ တိုင်းရင်းသားစာပေ သင်ကြားလိုသည့်ကျောင်းများတွင် သင်ကြား၊ သင်ယူခွင့်ရရှိအောင် စီမံဆောင်ရွက်ပေးထားတယ်ဆိုတာလည်း ကြားသိရပါတယ်။ တိုင်းရင်းသားလူမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနဲ့ တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အမျိုးသားပညာရေး ဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ ပညာရေးဆိုင်ရာမူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်

များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေဆဲ၊ ဆက်လက်ဆောင်ရွက် နေဦးမယ်ဆိုတာ သိသာထင်ရှားစွာ မြင်တွေ့နေရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလိုတာကတော့ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်း(၇၀)နီးပါးအတွင်း အမျိုးမျိုးသော နိုင်ငံရေးအပြောင်းအလဲများ၊ ပွတ်တိုက်မှုများ၊ သာတူညီမျှမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ တိုင်းရင်းသားများအတွင်း ညီညွတ်မျှတစွာ ရရှိခြင်းမရှိဟူသည့် ခံစားချက်များအပေါ်တွင် အခြေပြုပြီး နိုင်ငံရေးကိုနိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်မှုမရှိဘဲ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းလာခဲ့ကြသဖြင့် ပြည်တွင်းစစ်မီး အဆက်မပြတ်တောက်လောင်ခဲ့မှုကြောင့် ငြိမ်းချမ်းရေးမရှိခြင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်း၊ တိုင်းရင်းသားတန်းတူညီမျှမှု အခွင့်အရေးများ ဆုံးရှုံးခဲ့သည်သာမက နိုင်ငံသားများ၏ မွေးရာပါဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးများ ဆုံးရှုံးခဲ့ရခြင်းကြောင့် နိုင်ငံတော်တစ်ခုလုံး အဘက်ဘက်မှဖွံ့ဖြိုးမှုများ ယုတ်လျော့ကျဆင်းလာခဲ့ပြီး ဒေသတွင်းအိမ်နီးချင်း နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင်ဘက်စုံကဏ္ဍမှာ မည်မျှနောက်ကျ ကျန်ခဲ့သည်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုယ်တွေ့ခံစား သိရှိနားလည်လက်ခံကြပြီးဖြစ်သည်ဟု ယုံကြည်ပါတယ်။ ပညာရေးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနဲ့ မူဝါဒရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်များ မည်မျှပင် ကောင်းမွန်စေကာမူ ပြည်တွင်းငြိမ်းချမ်းမှုမရှိခဲ့လျှင် ထိုဒေသက ဒေသခံပြည်ထောင်စုဖွား တိုင်းရင်းသားများဟာ ပညာသင်ကြားမှု၊ သင်ယူမှု လုံးဝလည်းမရရှိနိုင်သလို အပြည့်အဝမရရှိခြင်းမျိုးလည်း တွေ့ကြုံနိုင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်လည်း လွန်စွာအရေးကြီးပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာဆိုလျှင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရဲ့ ဦးဆောင်မှုဖြင့် ပြည်သူတို့က ရွေးချယ်တင်မြှောက်ထားတဲ့အစိုးရနဲ့ လွှတ်တော်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနဲ့ ပါဝင်သင့်၊ ပါဝင်ထိုက်သူအစုအဖွဲ့များပူးပေါင်းပြီး ၁၉၄၇ ပင်လုံမှသည် (၂၁)ရာစု ပင်လုံစိတ်ဓာတ်ဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဆီသို့ လျှောက်လှမ်းနိုင်ဖို့အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံကို ၃၁-၈-၂၀၁၆မှ ၃-၉-၂၀၁၆ ရက်နေ့အထိ နေပြည်တော်ရှိ (MICC 2) တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် အထက်မှာဆိုခဲ့ပြီးသော ပြည်ထောင်စုတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွား၊ ပညာရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ကို ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့အစိုးရက ပြည်သူကိုဗဟိုပြုပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေလျက်ရှိတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ထပ်မံတိုက်တွန်းရန် မလိုအပ်တော့ဘူးလို့ မှတ်ယူမိပါတယ်။ ကျွန်တော့်အနေနဲ့ ရိုးသားစွာနားလည်ခံယူထားသည်မှာ တိုက်တွန်းတယ် ဆိုတာ လုပ်ဆောင်မှုမရှိခြင်း၊ လုပ်ဆောင်ရန် အစီအစဉ်မရှိသည့် အခြေအနေမျိုးမှာသာ တိုက်တွန်းရတာ ဖြစ်ပါတယ်။ အခုလို မြန်မာသိ၊ ကမ္ဘာသိလုပ်ဆောင်နေသည့် အခြေအနေမျိုးမှာ တိုက်တွန်းရန်မလိုဘဲ ပူးပေါင်းဆောင်ရွက်ရန်သာ လိုအပ်တယ်လို့ အကြံပြုဆွေးနွေးရင်း အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၄။**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သပါတယ်ခင်ဗျား။ အကြံပြုဆွေးနွေးကြသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနသည် မူလတန်းအရွယ်ကလေးတိုင်း ကျောင်းတွင်းမူလတန်း ပညာရေးကို ပြီးဆုံးအောင်သင်ကြားနိုင်ရေးအတွက် ကျောင်းနေအရွယ် ကလေးတိုင်းအားလုံး ကျောင်း နေရေးစီမံချက်ဖြင့် ကျောင်းအပ်နှံရေး သီတင်းပတ်လုပ်ငန်းများကို ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ သတ်မှတ်ပြီး ကျောင်းအပ်နှံရေး၊ ကျောင်းသားလက်ခံရေး လုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှုဖြင့် တစ်ခဲနက် ထိရောက်ပွင့်လင်းမြင်သာ အောင်မြင်စွာ ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ကလည်း KG ကျောင်းသား၊ ကျောင်းသူ အားလုံးအတွက် တူညီဝတ်စုံတစ်စုံစီကို လည်းကောင်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများ အတွက် တူညီဝတ်စုံ တစ်စုံစီ၊ အတန်းလိုက် ပြဋ္ဌာန်းစာအုပ်တစ်စုံစီနှင့် ဗလာစာအုပ်ခြောက်အုပ်စီကို လည်းကောင်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် ပြဋ္ဌာန်းစာအုပ် တစ်စုံစီကို လည်းကောင်း အခမဲ့ထောက်ပံ့ပေးခဲ့ပါတယ်။ ဒို့အပြင် မိဘများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့သော ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာကြည့် တိုက်ကြေး၊ အစရှိသည့် အခကြေးငွေများနှင့် မည်သည့်အခကြေးငွေ၊ လက်ဆောင်ပစ္စည်းများကိုမျှ ကောက်ခံခြင်းမပြုရန် ဆောင်ရွက်ပြီး ကျောင်းအပ်လက်ခံခဲ့ပါတယ်။

ဒို့အပြင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း (၄၅) ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၃၁၉)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၅၅)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၉၀၇)ကျောင်း၊ အခြေခံပညာမူလတန်းလွန် ကျောင်း (၁၂၄၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၂၃၆)ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း(ခွဲ) (၅၀၈)ကျောင်း၊ စုစုပေါင်း(၃၃၁၂)ကျောင်းကို ကျောင်းအဆင့်များတိုးမြှင့်၍ ဖွင့်လှစ်ပေးခဲ့ ပြီး ဖြစ်ပါတယ်။ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရာတွင် ကျောင်းအဆင့်တိုးမြှင့်ပေးရေးမူနှင့် မကိုက်ညီသော်လည်း ဒေသလိုအပ်ချက်အရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ သည့် ဒေသဖြစ်၍သော်လည်းကောင်း၊ တစ်ဆင့်မြင့်ကျောင်းများသို့တက်ရောက်ရန် ခရီးကွာဝေးသော ဒေသဖြစ်၍သော်လည်းကောင်း၊ ဝေးလံသည့်ဒေသများနှင့် ကျောင်းလိုအပ်ချက်အပေါ် မူတည်၍ ဦးစားပေးရွေးချယ်ပြီး ကျောင်းအဆင့်များ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအဆင့်များတိုးမြှင့်ပြီး ဖွင့်လှစ်ပေးလျက်ရှိတဲ့ နည်းတူ ကျောင်းဥပဓိရုပ်ကောင်းမွန်အောင် ပြင်ဆင်ခြင်း၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း၊

စာသင်ခန်းသုံးပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများ၊ အားကစားသုံးပစ္စည်းများ၊ သိပ္ပံခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ ဆရာ၊ ဆရာမများ ဖြည့်စွက်ခန့်ထားပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ မြှင့်တင်ပေးခြင်း၊ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထက်ပါအချက်များကို ဆောင်ရွက်ပေးနေခြင်းသည် သင်ယူမှုအခွင့်အလမ်းများ မြင့်မားအောင် ဆောင်ရွက်ပေးနေသလို ပညာရေးအရည်အသွေး မြင့်မားရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သင်ယူမှုအခွင့်အလမ်း တိုးတက်မြင့်မားလာသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း အားလုံးနီးပါး ကျောင်းနေနိုင်ခွင့် ရရှိနေပြီဖြစ်ပါတယ်။ မူလတန်းအရွယ်ကလေးတိုင်း ကျောင်းတွင်းမူလတန်း ပညာရေးကို ပြီးဆုံးအောင်မြင်စေရန်အတွက်လည်း အဖက်ဖက်က ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ နေရာဒေသအသီးသီးရှိ ကျောင်းနေအရွယ်ကလေးတိုင်းအားလုံး ကျောင်းနေနိုင်ရေးအတွက် သင်ယူမှုအခွင့်အလမ်းတိုးမြှင့်ပေးနိုင်ခြင်းကြောင့် ကျောင်းဝင်နှုန်း၊ အတန်းကူးပြောင်းနှုန်းနှင့် အတန်းလိုက်ဝင်ရောက်နှုန်းတို့ တိုးတက်မြင့်မားလာတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

အဲဒီလိုပဲ စာမတတ်သူပပျောက်ရေးအတွက်လည်း ပြည်သူလူထုနဲ့ ပူးပေါင်းပြီး ဆန်းသစ်တီထွင် နည်းလမ်းများဖြင့် ဆောင်ရွက်ပြီး အခြေခံစာတတ်မြောက်ရေးကို ယခုနှစ်တွင် စတင်ကြိုးပမ်း အကောင်အထည်ဖော်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် အောက်တိုဘာလနဲ့ နိုဝင်ဘာလတို့မှာ နည်းပညာတက္ကသိုလ်တွေနဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာရှိတဲ့ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူတွေနဲ့ ကယားပြည်နယ်မှာ အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power point အသုံးပြုခွင့်ပေးဖို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ဒါ အခြေခံပညာကဏ္ဍမှာ ကျောင်းပေါင်း(၄၆၀၀၆)ကျောင်းရှိပါတယ်။ ကျွန်တော်ပြီးခဲ့တဲ့လတုန်းက လာရောက်တင်ပြစဉ်တုန်းက (၄၆၀၁၂)ကျောင်းရှိတာမှာ (၆)ကျောင်းလျော့နည်းသွားခြင်းက ကျောင်း Sanction (၆) ကျောင်းကို ကျွန်တော်တို့ ဒါ ပြန်လည်ရုပ်သိမ်းခဲ့တဲ့အတွက်ကြောင့်မို့လို့ (၄၆၀၀၆)ကျောင်းရှိပါတယ်။ ဆရာ၊ ဆရာမဦးရေ(၃၆၃၂၉၈)ဦး ရှိပါတယ်။ ဒီအထဲမှာ စီမံခန့်ခွဲရေး အရာထမ်း၊ အမှုထမ်းဦးရေတွေ မပါပါဘူး။ ကျောင်းတွေမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွေမှာ ကျောင်းသားသစ်လို့ခေါ်တဲ့ Fresher ကျောင်းသားအသစ် (၈.၇)သန်း၊ ကျွန်တော်တို့ ဒါ (၈၇၅၈၇၁၉)ဦး ရှိပါတယ်။ အဲဒီအထဲမှာ ထပ်ကျော့နေတဲ့ကျောင်းသားတွေ၊ ဒါထပ်ကျော့လို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် အင်္ဂလိပ်လိုခေါ်မယ်ဆိုရင်တော့ Grade Repetition ကျောင်းသားတွေလို့ ခေါ်ပါတယ်။ Grade Repetition ကျောင်းသားတွေသည် School Drop out Candidate တွေဖြစ်ပါတယ်။ ကျောင်းထွက်သွားမယ့် ဒါ Potential ရှိတဲ့ ကျောင်းသား၊ ကျောင်းသူ ဖြစ်ပါတယ်။ အဲဒီလို ထပ်ကျော့နေတဲ့ ကျောင်းသား၊ ကျောင်းသူတွေသည် Grade Repetition ကျောင်းသား၊ ကျောင်းသူတွေသည် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ (၃၂၆၅၇၆)ဦးရှိကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ အစိုးရကျောင်းတွေဖြစ်တဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၉၀၈၇၂၅၆)ဦး ပညာသင်ယူလျက်ရှိကြောင်း

တင်ပြလိုပါတယ်။ ဒါသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေနဲ့ ပုဂ္ဂလိကကျောင်းတွေမှာ ရှိသော ကျောင်းသား၊ ကျောင်းသူတွေရဲ့ဦးရေမပါဘဲနဲ့ (၉)သန်းကျော်ရှိကြောင်း တင်ပြလိုပါတယ်။ ဒါ့ကြောင့်မို့လို့ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်က ပညာရေးအသုံးစရိတ်တိုးမြှင့် ဆောင်ရွက်မှုကြောင့် ဒါသည် ယူနက်စကို ယခုစက်တင်ဘာလတွင် ထုတ်ဝေသော Global Monitoring Report 2016 ရဲ့ စာမျက်နှာ (၁၄၈)မှာ Ending a Legacy of very Low Public Spending on Education in Myanmar ဟု ဖော်ပြပြီးတော့ ယခင်က ပညာရေးအသုံးစရိတ်ကို GDP ၏ (၁)ရာခိုင်နှုန်းအောက်သာ သုံးစွဲနေခဲ့မှုကိုလည်း ဒီ Report ထဲမှာ ထောက်ပြတာကို ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ရှိရမှာဖြစ်ပါတယ်။ ဤမျှသာ သုံးစွဲဆောင်ရွက်ခဲ့မှုကြောင့် မြန်မာနိုင်ငံမှာ အလယ်တန်းအဆင့် ကျောင်းသား(၁.၉)သန်းသည် ဒါ မြန်မာနိုင်ငံမှာ ကျောင်းပြင်ပရောက်သွားတဲ့ အလယ်တန်းအဆင့် ကျောင်းသားဦးရေသည် (၁.၉)သန်းရှိတဲ့အတွက် ကမ္ဘာပေါ်မှာ အလယ်တန်းအဆင့် ကျောင်းထွက်တဲ့ ကျောင်းသားဦးရေနဲ့ကြည့်ရင် ကျွန်တော်တို့ဟာ ကမ္ဘာပေါ်မှာ နံပါတ်(၅)အဆင့် ရှိပါတယ်။ ဒါကြောင့်မို့လို့ နံပါတ်တစ်က အိန္ဒိယ (11.1)မီလီယံ ရှိပါတယ်။ ပါကစ္စတန်က (၅.၅)သန်း ရှိပါတယ်။ အီသီယိုးပီးယားက (၃.၆)သန်း ရှိပါတယ်။ အင်ဒိုနီးရှားက (၁.၉)သန်း ရှိပါတယ်။

မြန်မာနိုင်ငံနဲ့ အင်ဒိုနီးရှားသည် အလယ်တန်းအဆင့် ကျောင်းထွက်တဲ့ဦးရေ (၁.၉)သန်း ချင်းတူသော်လည်း မြန်မာနိုင်ငံရဲ့ လူဦးရေသည် ၂၀၁၄ သန်းခေါင်စာရင်းအရ (၅၁)သန်း ရှိသော်လည်း အင်ဒိုနီးရှားရဲ့ လူဦးရေသည် သန်း(၁၈၀)ကျော်ရှိတဲ့ အတွက်ကြောင့်မို့လို့ အချိုးချမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ ကျောင်းထွက်နှုန်းသည် ဒါ အင်မတန်များပြားနေတယ်ဆိုတာကို ဒီဟာသည် အဲဒီ Report ရဲ့ စာမျက်နှာ(၁၈၃)တွင် ဖော်ပြထားကြောင်း ဥက္ကဋ္ဌကြီးကို လေးစားစွာ တင်ပြလိုပါတယ်။ ဒီလိုပဲ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးအတွက်လည်း တက္ကသိုလ်တွေမှာ လက်တွေ့နှင့် နီးစပ်သော သင်ကြားရေး အစီအစဉ်များနှင့် ဒေသလိုအပ်ချက်နှင့် လိုက်လျောညီထွေသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်နိုင်အောင်၊ စတင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ TVET ကဏ္ဍကိုလည်း သင်ယူလေ့ကျင့်မှု အခွင့်အလမ်း၊ အရည်အသွေး၊ လိုအပ်နေသော သင်တန်းဆရာများ ပြုစုပျိုးထောင်ဖို့အတွက် စတင်စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး ပိုမိုမြင့်မားအောင် ဆောင်ရွက်ရာမှာ ပညာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ထမ်းများအပြင် ကိုယ်စားလှယ်တော်ကြီးများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုရဲ့ ဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်မှု စွမ်းအားသည်လည်း အရေးပါလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် အားလုံးအတွက် ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပညာရေးအတွက် အားလုံးက ပါဝင်ဆောင်ရွက်နိုင်မှသာ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂(က)မှာ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၄၅၀ တွင် မြန်မာစာသည် ရုံးသုံးစာ ဖြစ်သည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)မှာလည်း အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံးဘာသာစကား (Class Room Language) အဖြစ် တွဲဖက်အသုံးပြုနိုင်သည်ဟူ၍လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၄ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်နိုင်သည်ဟူ၍လည်းကောင်း ပြဌာန်းထားတဲ့အတိုင်း ပညာရေးဝန်ကြီးဌာနအနေနဲ့ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်က စပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု တိုးတက်စေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိသော တိုင်းရင်းသား ဘာသာ၊ စာပေ သင်ကြားသင်ယူလိုသည့် ကျောင်းများတွင် သင်ကြားသင်ယူခွင့် ရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုပညာသင်နှစ်တွင် စာရင်းပေးထားသည့် တိုင်းရင်းသား ဘာသာစကား (၅၄)မျိုးရှိကြောင်း တင်ပြလိုပါတယ်။ Power Point မှာ တင်ပြထားတဲ့အတိုင်း တိုင်းရင်းသားဘာသာစကား (၅၄)မျိုးကို ပုံနှိပ်ဖြန့်ဝေရန် စီစဉ်လျက်ရှိပြီး မြို့နယ် (၁၈၇)မြို့နယ်တွင် Grade 1, Grade 2, Grade 3, ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးမှာ ကျွန်တော်တို့ ခုနတုန်းက တင်ပြထားတဲ့ တိုင်းရင်းသားဘာသာစကား (၅၄)မျိုးကို သင်ယူမယ့် ကျောင်းသားဦးရေသည် စုစုပေါင်း(၅၄၀၂၈၉)ဦးတို့ကို သင်ကြားပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ တိုင်းရင်းသားဘာသာစကား ယခင်က ကျွန်တော်တို့ ဒါ (၂၈)မျိုးကို တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအား သင်ကြားပို့ချရာတွင် တိုင်းရင်းသားဘာသာစကား၊ ဖတ်စာအုပ်၊ ပုံနှိပ်ခနှင့် ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေ စုစုပေါင်းကျပ်(၆)ဘီလီယံဝန်းကျင် ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမဦးရေ (၁၈၃၀၀)ဦး အတွက် ချီးမြှင့်ငွေ ကျပ်(၅.၅)ဘီလီယံအတွက် တိုးမြှင့်လျာထား သုံးစွဲဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ တိုင်းရင်းသားဘာသာစကားတွေကို ကျောင်းချိန်ပြင်ပမှာ သင်ကြားပို့ချရခြင်းကတော့ ယခုလိုတွေ့ရှိရတဲ့အတိုင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ကျွန်တော်တို့ ကျောင်းရဲ့စာသင်ခန်းထဲမှာ မတူကွဲပြားသော တိုင်းရင်းသားလူမျိုး ကျောင်းသား၊ ကျောင်းသူတွေ သင်ယူလျက်ရှိတာ ဖြစ်တဲ့အတွက် ကျောင်းချိန်အတွင်းမှာ သင်ကြားပို့ချပေးဖို့ဆိုရင် ကျွန်တော်တို့ အင်မတန် အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ အစီအစဉ်နဲ့ ကျောင်းရဲ့စာသင်ခန်းထဲမှာ တိုင်းရင်းသားလူမျိုးတစ်ဦးတည်း ရှိတယ်ဆိုရင်တော့ မည်သည့်ကျောင်းချိန်အတွင်းမှာမဆို သင်ကြားပို့ချလို့ရသော်လည်း တိုင်းရင်းသားလူမျိုးများ မတူကွဲပြားသော ကျောင်းသား၊ ကျောင်းသူများ ရှိနေမယ်ဆိုရင်တော့ ကျောင်းချိန်ပြင်ပမှာသာ သင်ကြားပို့ချပေးလို့ ရနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒါကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ အလေးအနက်ထားပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ကျွန်တော် ယခုလို တိုင်းရင်းသားဘာသာစကား (၅၄)မျိုးသည် မည်သည့်နိုင်ငံမှာမှ ဒီလိုမျိုး ဘာသာစကား များများကို သင်ကြားပို့ချပေးမှု မရှိဘူးဆိုတာကိုလည်း ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးတို့ ပြန်လည်ပြီးလေ့လာလိုက်ရင် တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါသည် မြန်မာနိုင်ငံမှာပဲ တိုင်းရင်းသား ဘာသာစကားတွေကို အများကြီးတိုးချဲ့ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတာ ဖြစ်ပါ တယ်။ မည်သည့်နိုင်ငံမှာမဆို Mother Tongue Language လို့ လှလှပပလေးနဲ့ မိခင်ဘာသာ စကားလို့ ပြောနေသော်လည်း သူတို့သတ်မှတ်ထားတဲ့ ဘာသာစကားကိုပဲ ကျောင်းသား/ကျောင်းသူက ရွေးချယ် သင်ယူရတာဖြစ်တယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးလေ့လာလိုက်တယ် ဆိုရင် တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အပြီးသတ်ရေးဆွဲလျက်ရှိသော အမျိုးသား ပညာရေး မဟာဗျူဟာစီမံကိန်း National Education Strategic Plan (NESP - 2016-2021) ၂၀၁၆-၂၀၂၁ မှာ တိုင်းရင်းသားဘာသာစကားများကို အလေးအနက်ထား၍ အမျိုးသားပညာရေး ဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်ရန် ပြုစုရေးဆွဲထားပြီးဖြစ်ကြောင်း တင်ပြ လိုပါတယ်။ အဆိုပါ လုပ်ငန်းအစီအစဉ်ရဲ့ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်မှာရှိတဲ့ တိုင်းရင်းသား အားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များရဲ့ အနှစ်သာရများကို ထောက်ပံ့မြှင့်တင်ပေးနိုင်ရန် ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းကို ဦးစားပေးအကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် ပညာရေးဝန်ကြီးဌာန အနေဖြင့် ယခုနှစ် ဩဂုတ်လ ၇ ရက်နေ့ မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြန်မာစာနှင့် ဘာသာစကားပညာဦးစီးဌာနကို မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်း ဆောင်ရွက်လျက် တာဝန် ကျေပွန်အောင် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သို့ပင်ဖြစ်စေ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအားလုံး၌ ပညာရေးဖွံ့ဖြိုး တိုးတက်မှုကို ဆောင်ရွက်ဖို့ဆိုရာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးသည် ပထမဆုံးနှင့် အရေးအကြီးဆုံး ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်တယ်လို့ အားလုံးက ယုံကြည်လက်ခံထားကြကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ဒေသအားလုံး၌ ငြိမ်းချမ်းရေး ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှသာလျှင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိထိရောက်ရောက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် ရဲ့ အဆိုကို မှတ်တမ်းတင်ခြင်းသာ ပြုသင့်ပါကြောင်း လေးစားစွာ တင်ပြအစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်၏ သဘောထားကို တင်ပြပါ။

**အချိန်၊ ၁၂:၄၃။**

**ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြန်လည်ရှင်းလင်းဆွေးနွေးတဲ့အခါမှာ အချိန်လို အပ်မှုရှိရင် ခွင့်ပြုပေးပါ။ ကျွန်တော်ပထမဦးဆုံး ကျွန်တော်တို့ ဒီ မှတ်တမ်းတင်ပါဆိုတဲ့ စကားပေါ့နော်၊ ဒါကို မူလအဆိုရှင်မဟုတ်ဘဲနဲ့ ပါဝင်ဆွေးနွေးသူများက ပြောတာက တရားမဝင်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ မပါဘူး။ မပါဘဲနဲ့ ဘယ်လိုဖြစ် ပေါ်ခဲ့သလဲဆိုတာလေးနဲ့ ပတ်သက်လို့ ကျွန်တော်အနည်းငယ်ရှင်းပြပါမယ်။ အဲဒီတော့ ဒီအဆိုတစ်ခုကို လွှတ်တော်က လက်ခံစဉ်းစားရန် ဆုံးဖြတ်ပြီးပြီဆိုရင် ဒီအဆိုကို လွှတ်တော်က အလွန်တန်ဖိုးထားရ တယ်။ မူလအဆိုရှင်က ရုပ်သိမ်းချင်ပါတယ်ဆိုရင်တောင်မှပဲ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် တည်းက ကန့်ကွက်ရင် ရုပ်သိမ်းလို့မရဘူး။ အဲဒီတော့ မူလအဆိုမဟုတ်သေးဘူး။ ပြင်ဆင်ချက်အဆို ဆိုရင်လည်း အလားတူပဲ။ ကျွန်တော်တို့ ဟို နည်းဥပဒေ ၁၇၂၊ ၁၇၈ မှာ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါပေမဲ့ လွှတ်တော်တွေစတင်ပေါ်လာပြီးတဲ့အခါမှာ ဘာကြောင့်ဒီလိုမှတ်တမ်းတင်တာ ဖြစ်လာသလဲ ဆိုတော့ တချို့အဆိုတွေက အစိုးရအဖွဲ့က နည်းနည်းအကျပ်အတည်းဖြစ်အောင် တင်သွင်းတဲ့ အဆို မျိုးတွေပါလာတဲ့အခါကျတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက အဆိုရှင်နဲ့လာပြီးတော့ ရှင်း ပြတယ်။ ကျေလည်အောင်ရှင်းပြတယ်။ အဆိုရှင်ကလည်း ကျေလည်သွားတယ်။ ကျေလည်သွားတဲ့ အခါမှာ ဘာလုပ်ရသလဲဆိုတော့ ဥက္ကဋ္ဌကို နှစ်ယောက်လုံး သွားတွေ့ရပါတယ်။ လွှတ်တော်ထဲမှာ ဥက္ကဋ္ဌရဲ့ အဆုံးအဖြတ်သည်သာ အတည်ဖြစ်တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စကိုတော့ ဒီလိုပြန်လည်ရုပ်သိမ်းဖို့လည်း အခက်အခဲရှိပါတယ်။ တစ်ယောက်ကထပြီးတော့ ကန့်ကွက်ပါတယ်ဆိုရင် ရုပ်သိမ်းလို့ရမှာ မဟုတ်ဘူး။ အဲဒီတော့ ဝန်ကြီး ရှင်းပြတာကိုလည်း ကျွန်တော်ကျေနပ်ပါတယ်။ ဝန်ကြီးကလည်း ဒီလိုရှင်းပြပါတယ်ဆိုရင် လွှတ်တော် ဥက္ကဋ္ဌက သူကိုယ်တိုင်လည်း ကျေနပ်တယ်ဆိုတော့မှ ကောင်းပါပြီ၊ သဘောတူပါတယ်။ ဒါဆိုရင်လည်း လွှတ်တော်ထဲမှာ ဝန်ကြီးကလည်း မှတ်တမ်းတင်ပါလို့ပြောပါ။ ခင်ဗျားကလည်း သဘောတူပါတယ်လို့ ပြောလိုက်ရင် ကျွန်တော် သဘောတူလိုက်မယ်ဆိုပြီးတော့မှ ဒီလိုလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို အဆိုဆွေးနွေးတဲ့အခါမှာ ကျွန်တော် ဒီမှာထူးခြားတာကတော့ မှတ်တမ်းတင်ပါ။ မှတ်တမ်းတင်ပါဆို ပြီးတော့ ဘေးကနေ ဝင်ဆွေးနွေးတာ တရားမဝင်ပါဘူး။ ဒါလေး ပထမဦးဆုံးပြောချင်ပါတယ်။

ဒီအဆိုနဲ့ ပတ်သက်လို့ ကျွန်တော်က မေးခွန်းတစ်ခု၊ အဆိုတစ်ခု၊ ဥပဒေကြမ်းတစ်ခု ဒါနမူနာ အနေနဲ့ လုပ်ပြဖို့ တာဝန်ရှိတယ်ဆိုပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဘယ်သူကိုမှမထိခိုက်စေမယ့်၊ အစိုးရကိုလည်း အကျပ်အတည်းမဖြစ်စေမယ့် ကိစ္စမျိုးထဲက ရွေးပါ တယ်။ အဲဒီတော့ ဒီ တိုင်းရင်းသားဘာသာစကားနှင့် မူလတန်းအဆင့် သင်ကြားရေးဆိုတာ ပြီးခဲ့တဲ့ လွှတ်တော်မှာ အလွန်ကြိုးစားခဲ့ကြတဲ့ကိစ္စပေါ့။ ကျွန်တော်ကိုယ်တိုင်လည်း ဒါကိုလှိုက်လှိုက်လှဲလှဲ သဘောတူတယ်။ စာပေဆိုတာဟာ စကားကလာတာပါ။ ဒီတတ်တဲ့စကားနဲ့ စသင်ပြီးတော့မှ ပေါင်းကူး ပေါ့၊ မြန်မာစကား၊ မြန်မာစာ၊ အင်္ဂလိပ်စာ ဒါ ကျွန်တော် မူလဆွေးနွေးတင်ပြတုန်းက ပါပါတယ်။ ကိုယ်ဘာသာတစ်ခုထဲ တီထွင်ပြီးတော့မှ ဒါပဲသင်နေရင်တော့ ကျဉ်းတူးပြီး ထိုင်နေသလိုဖြစ်မယ်။ ဒါကြောင့် ခြေဆန့်ဖို့အတွက် Dictionary လုပ်ဖို့လို့၊ ဘာသာပြန်လုပ်ငန်းလုပ်ဖို့လို့အထိ ကျယ်ကျယ်

ပြန့်ပြန့်ပေါ့နော်။ နောက်တစ်ခုက ဒီအဆိုရဲ့ ထူးခြားချက်က ဟို ဝေးလံခေါင်သီတဲ့ တောင်ပေါ်ဒေသပေါ့၊ ဒါ အထူးပြုထားတာဖြစ်ပါတယ်။ အဲဒီတော့ တောင်ပေါ်ဒေသကို အထူးပြုထားလို့ တောင်ပေါ်သားနဲ့ မြေပြန့်သားနဲ့ သွေးခွဲတဲ့စကားမဟုတ်ပါဘူး။ တောင်ပေါ်ဒေသကို တကယ်ရောက်ဖူးမှ သူတို့ရဲ့ဘဝကို စာနာတတ်မှာဖြစ်တယ်။ တော်တော်လေး အခြေအနေဆိုးပါတယ်။ ပြောရလို့ရှိရင်တော့ အရှည်ကြီးဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့က အတူသွား၊ အတူစား၊ အတူနေခဲ့ရတဲ့ အခါကျတော့ စာမတတ်တော့ ပညာရေးအသိ၊ ကျန်းမာရေးအသိလည်းမရှိ၊ မရှိတဲ့အတွက်လည်း သက်တမ်းတွေလည်းတို၊ ဘာရောဂါဖြစ်လို့ ဖြစ်မှန်းမသိ အဲဒီလိုနေရာတွေမှာ အတိုချုပ်ပြောရရင်တော့ ဒီလိုနေရာမှာလူဖြစ်ရှုံးလိုက်တာလို့ ကျွန်တော်တို့ ခံစားခဲ့ရတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုတင်ပြတာဖြစ်ပါတယ်။ လွှတ်တော်ထဲမှာ မေးခွန်း၊ အဆို၊ ဥပဒေကြမ်း သူ့တန်ဖိုးအလိုက် သူရှိပါတယ်။ မေးခွန်းတစ်ခုကောင်းလို့ရှိရင် အထူးဆွေးနွေးဖို့ ပြဌာန်းထားတာရှိပါတယ်။ အဲဒီတော့ မေးခွန်းကောင်းလို့ရှိရင် ဒီမေးခွန်းကိုတော့၊ ဟုတ်လား။ တို့ဒေသနဲ့ဆိုင်တယ်၊ ဒါ အဆိုဖြစ်အောင်လုပ်ကြမယ်ဟေ့ ဆိုပြီး စုပေါင်းလုပ်ဖို့လိုတယ်။ အဆိုတစ်ခုကောင်းရင်လည်း ဒီအဆိုသည် ဥပဒေကြမ်းအဆင့်ကို ဆက်ပြီး တက်နိုင်တယ်။ ဒါကြောင့်တန်ဖိုးထားတာပါ။

အဲဒီတော့ ဒီမှာဘယ်သူဘယ်ဝါလို့ ကျွန်တော် မပြောလိုပါဘူး။ ဥပမာပေါ့။ ဧရာဝတီမြစ်ဝှမ်းဒေသမှာ ရေကြီးတယ်၊ အညာမှာ ရေရှားနေတယ်။ ဒါနဲ့ ပတ်သက်တဲ့ Management လုပ်ပါ။ တိုက်တွန်းကြောင်းအဆို၊ ဆိုတော့ လုပ်နည်းလည်း မပါဘူးဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ Technocrat မဟုတ်ဘူး။ ကျွန်တော်တို့က ဘဝအမျိုးမျိုးကလာ ကြတဲ့လူတွေ၊ ဘဝအသိနဲ့ မိမိကိုယ်စားပြုတဲ့၊ ပြည်သူကို ကိုယ်စားပြုပြီးတော့မှ ဒီမှာ ကျွန်တော်တို့ ဆွေးနွေးတာ၊ ဒါ Technocrat အလုပ်၊ ဒါပေမဲ့ ဒီအလုပ်က ဘယ်ကျမှ လုပ်ရမလဲဆိုရင် ဥပဒေကြမ်းဖြစ်လာပြီဆိုတော့ ပညာရှင်တွေဖိတ်ခေါ်မယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန ဖိတ်ခေါ်မယ်၊ နားလည်ကျွမ်းကျင်တဲ့သူတွေ ဖိတ်ခေါ်ပြီးတော့မှ ဥပဒေပုံစံဖြစ်အောင် ကြိုးစားရတာ။ အဲဒီကျမှ လုပ်နည်းဆိုတာ ကျွန်တော်တို့က ပါမှာဖြစ်ပါတယ်။

အဲဒီတော့ ဒီလိုလုပ်တဲ့အခါမှာ ကျွန်တော်တို့ နည်းနည်းလေးတင်ပြချင်တာကတော့ ဆွေးနွေးမှု စည်းကမ်းပေါ့နော်။ ဆွေးနွေးမှု စည်းကမ်းနဲ့ပတ်သက်လို့ နည်းဥပဒေ ၃၉ မှာ အစည်းအဝေးလိုက်နာရန် စည်းကမ်းဆိုတာ ရှိပါတယ်။ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌဖြစ်တဲ့အချိန်မှာ ဒီဥစ္စာကို အလွတ်ကျက်ရတယ်။ ဒီဥပဒေရော၊ နည်းဥပဒေရော။ အတိုမှတ်၊ အတိုကောက်တွေနဲ့ ကဗျာလေးတွေနဲ့ပေါ့။ အလွတ်ကျက်ပြီးတော့ ကျွန်တော်လည်း ကျက်တယ်၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးလည်း ဝေတယ်။ ဝေပြီးတော့မှ ဒါကတော့ ကျွန်တော်အခု ဖတ်ပြမယ်ဆိုရင် ၂၀၁၁ ကဟာကို ကျွန်တော်တို့ လုပ်ထားတာပါ။ ဥပမာ လွှတ်တော်ဥက္ကဋ္ဌရဲ့ တာဝန်များဆိုရင် အာဏာသမ္မတ ရှင်းလင်းပြ တိကျဥပဒေ၊ စည်းကမ်းမညီ ဆုံးဖြတ်သည် ညွှန်ပြီမတက်ရ၊ ထိန်းမနိုင်ဆိုင်းပြီ မကိုက်ညီ ကျော်သည် ဆွေးနွေးချိန်၊ အကြောင်းအရာရွှေ့ဆိုင်း လွှတ်ရွှေ့ဆိုင်း လိုတိုင်းခေတ္တရပ်၊ လို၏ မလို၏ မဲပေးသည့်များ၏ ဆန္ဒဖြင့် အနိုင်မဲပေး လျှို့ဝှက်ရေး၊ အရေးဘယ်သို့ယူ ပြဌာန်းမထားသော် အခက်ပေါ် လွှတ်တော်ကဆုံးဖြတ်၊ သတ်မှတ်တာဝန် ဥပဒေညွှန် ကျေပွန် နာယက/ဥက္ကဋ္ဌ ဒီလိုမျိုး အလွတ်ကျက်ခဲ့ရတာ ရှိတာပေါ့နော်။

အဲဒီတော့ ဒီဆွေးနွေးသွားတဲ့အထဲမှာ ဘယ်သူဘယ်ဝါ မပြောလိုပါဘူး။ သို့သော်လည်း လုံးကောက်ကို ပြန်ကြည့်ပြီးတော့မှ ခုနက အစည်းအဝေးတွင် လိုက်နာရန် စည်းကမ်းဆိုတာနဲ့ တိုက်ကြည့်လို့ရှိရင် ဘယ်သူတွေက ဘယ်လိုစည်းကျော်တယ်ဆိုတာမျိုး တွေ့ပါလိမ့်မယ်။ ဒါတွေက မဖြစ်သင့်လို့ ပြောတဲ့ကိစ္စပါ။ ကျွန်တော့်ကို တိုက်ခိုက်တယ်ဆိုပြီးတော့ နာကြည်းမှုလည်းမရှိပါဘူး။ ကိုယ်ချင်းစာနာ ထောက်ထားမှုရှိပါတယ်။ ဦးခင်အောင်မြင့်ကြီး ဆိုပြီးတော့ပြောတာပေါ့၊ ဥပမာ တကယ်တော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်ပဲ ပြောရမှာ။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့အစဥ်အလာက အဲဒီလိုပြောနေတဲ့အချိန်မှာ ရှေ့ကဖြတ်လျှောက်ခွင့် မရှိပါဘူး။ ဘာလို့လဲ ဆိုရင် မလေးမစား လုပ်ရာရောက်မှာစိုးလို့၊ ပြောတဲ့ကိုယ်စားလှယ်နဲ့ လွှတ်တော်ဥက္ကဋ္ဌနဲ့၊ ဥက္ကဋ္ဌကြီး ကပဲ တစ်ဆင့် တင်ထားဖြစ်တယ်။ ဥက္ကဋ္ဌကြီးခင်ဗျားပဲ ပြောရမှာဖြစ်တယ်။ ရယ်စရာပြောရရင်တော့ ဦးခင်အောင်မြင့်ကြီး လို့ သုံးတာ ကျွန်တော် အသက်(၇၀)မို့ပြောတာထင်တယ်။ ဒါပေမဲ့ အသက်(၇၀) ဆိုတာ အခုမှ ကြီးကောင်ဝင်တယ်လို့ပဲ ယူဆပါတယ်။

နောက်တစ်ခုကလည်း ခုနကလို မလိုအပ်ဘဲနဲ့ အတိတ်ကိုပြန်ပြီးတော့ ဝါးလုံးရှည်ကို ဟိုဟာသုတ်တာပေါ့၊ ဘာသုတ်တယ်ပြောမလဲ၊ ရိုင်းမှာစိုးလို့ အသားမည်းရတဲ့အထဲ စစ်စီးသုတ်ပြီး တော့ ရမ်းသလို ဦးခင်အောင်မြင့် ဒီလိုမျိုးပေါ့နော်၊ အရင်တုန်းကဘယ်လို၊ ဝန်ကြီးတုန်းကဘယ်လို၊ ဦးခင်အောင်မြင့် ဝန်ကြီးဖြစ်တာနဲ့ ယဥ်ကျေးမှုတက္ကသိုလ် ဆောက်တာနဲ့ အဝေးကြီးပဲ၊ ဦးခင်အောင်မြင့် က နောက်ကျမှ မလုပ်ချင်ဘဲနဲ့ ဝန်ကြီးလုပ်ခဲ့ရတယ်ဆိုတဲ့ သဘောရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့လွှတ်တော် လူမျိုးစုလွှတ်တော်ပါ။ ကျွန်တော်တို့လွှတ်တော်က အထက်လွှတ်တော် မဟုတ် ဘူး။ နိုင်ငံခြားသားတွေ မှားနေတာရှိတယ်။ ဒါက ဟိုတုန်းက (၆၂)ခုနှစ်က တောင်းဆိုတဲ့အထဲမှာ လူမျိုးစု လွှတ်တော်ကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးကနေပြီးတော့ အရေအတွက် တန်းတူ ပေးပါဆိုတဲ့ တောင်းဆိုချက်ပေါ် မူတည်ပြီးတော့ ကျွန်တော်တို့က ဖြစ်လာတာဖြစ်ပါတယ်။ အဲဒီတော့ လူမျိုးစုလွှတ်တော်ဖြစ်တဲ့အတွက် ကျွန်တော်တို့က လွှတ်တော်စကတည်းက ဥက္ကဋ္ဌ ကျွန်တော် မလုပ်ချင်ဘူး။ တိုင်းရင်းသားထဲက တင်သင့်တယ်လို့ ကျွန်တော် ဒီလိုပဲအဆိုပြုခဲ့တာပါ။ ဒါပေမဲ့ အဲဒီအချိန်မှာ ခုန အတွေ့အကြုံက မရှိကြဘူး။ ကျွန်တော်က ဘာဖြစ်လို့ အတွေ့အကြုံရှိသလဲဆိုရင် ဥပဒေတွေကို ပြင်ဆင်တဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် ပါဝင်ခဲ့တဲ့အတွက် အဆင်သင့်လိုဖြစ်နေလို့ တက်လုပ်လိုက်ရတဲ့ သဘော။ ကျွန်တော့်စိတ်ထဲမှာ တိုင်းရင်းသားဥက္ကဋ္ဌဖြစ်စေချင်တဲ့အတွက် ကျွန်တော် ဘာလုပ်လဲ၊ အမျိုးသားလွှတ်တော်စာကြည့်တိုက်ထဲမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေ ပုံတွေ၊ ပန်းချီ ပုံတွေဆွဲပြီး ချိတ်လိုက်တယ်။

ဒါဘာလဲဆိုရင် ဒို့ရဲ့ အာဇာနည်ခေါင်းဆောင်ထဲမှာ တိုင်းရင်းသားတွေပါတယ်ဆိုတာ ပြချင်လို့။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အဝမှာ တိုင်းရင်းသားဝတ်စုံလေးတွေနဲ့ ကျွန်တော် ပြထားတယ်။ ဒါသည် ပြည်ထောင်စုပန်းခင်းကြီးဆိုတဲ့ စိတ်ဓာတ်၊ ပြည်ထောင်စုတိုင်းရင်းသားတွေကို ချစ်ကြည်ဖို့၊ ကိုယ်ချင်းစာဖို့၊ ညှာတာဖို့ ပြီးရင် ကျွန်တော်တို့ ဟိုတုန်းက တိုင်းရင်းသားညစာစားပွဲ၊ ရခိုင်စာတစ်လှည့်၊ ကရင်စာတစ်လှည့် စသည်ဖြင့်ပေါ့လေ၊ ဒါထားပါတော့ ဒီလိုပဲလုပ်တယ်။ အမျိုးသားနိုင်ငံရေးဆိုတာ ဒီအဆိုက Nation building ပေါ့။ ဒါ အမျိုးသားရေးကို တည်ဆောက်တာ။ State building ကိုမပြောဘူး။ များသောအားဖြင့် ပြောတတ်ပါတယ်။ ကျွန်တော် State building

ဆိုရင် အစိုးရနဲ့အကျပ်အတည်း အတိုက်အခံလုပ်တဲ့သဘောမျိုး၊ ကျွန်တော့် စိတ်ဆန္ဒမှာ လုံးဝမရှိဘူး။ အတိုက်အခံလုပ်ဖို့လုံးဝမရှိဘူး။ မုဒိတာပွားတယ်၊ ဘယ်သူလုပ်လုပ် တိုင်းပြည်ကောင်းရင် ပြီးရောပေါ့။ ပါတီရဲ့အကျိုးနဲ့ တိုင်းပြည်အကျိုးရှိရင် တိုင်းပြည်အကျိုးပဲ ကြည့်မယ်။ ဦးခင်အောင်မြင့် ဆိုတာ တစ်ချိန်တုန်းက ကြားရင်ကြားဖူးပါလိမ့်မယ်။ ဆီးသီးဗန်း၊ ဘုရားပွဲဈေးတန်းမှာ ဆီးသီးဗန်းမှောက်လို့ ဟိုလူတစ်ဆုပ်၊ ဒီလူတစ်ဆုပ်နှိုက်စားသလို ဘတ်ဂျက်ဖြစ်နေတယ်လို့ ပြောမိလို့ ကျွန်တော့်ပါတီဝင် ဝန်ကြီးတွေက ကျွန်တော့်ကို စိတ်နာကြတယ်။ ဒါ ပြောသင့်ပြောထိုက်ရင် နိုင်ငံနဲ့ပတ်သက်လို့ရှိရင် ပြောရမှာပါပဲ။ အဲဒီတော့ ဒီနေရာမှာ ငြိမ်းချမ်းရေး မရသေးလို့ဆိုရင် နေရာတိုင်းက ခုန စာမတတ်တဲ့ တိုင်းရင်းသားတွေရှိတဲ့ နေရာတိုင်းက ငြိမ်းချမ်းရေး မရသေး တာမဟုတ်ပါဘူး။ အဓိက တောင်ပေါ်ဒေသ ဥပမာ လင်ိုင် ကထောင်လို့ ကချင်ဘာသာနဲ့ ရေးထား တယ်။ ကျွန်တော်တို့ သွားပါလို့ ပြောလို့သွားတာ တစ်နေ့လုံးတောင်ပေါ်တက်ရတယ်။ အပေါ်ကျတော့ အိမ်တစ်လုံးပဲ ရှိတယ်။ လင်ိုင် ဆိုတာ တစ်၊ ကထောင် ဆိုတာ ရွာ၊ အိမ်တစ်လုံးရွာ။ ထိုအိမ်ထဲက ထွက်လာတော့ မိသားစုတွေ စုပေါင်းနေတာ လူ(၅၀)လောက် ထွက်လာတယ်။ သဘောက တစ်ယောက်မှ စာမတတ်ကြ။ ပေမတတ်ကြ။ ဒါဟာ ကြိုလုပ်မှ ဒါဟာ ဒီအလုပ်က စောင့်ဆိုင်းနေလို့ မရဘူး။ ဥပဒေ ရှိတယ်။ လုပ်နေတယ်။ တိုက်တွန်းစရာ မလိုဘူး ဆိုတာ မမှန်ဘူး။

ဒီ ဥပဒေရဖို့ ကျွန်တော်တို့ တော်တော်ကြိုးစားခဲ့ရတယ်။ လုပ်လည်း လုပ်နေတယ်။ ရလဒ် အပေါ်မှာ ကြည့်ရမယ်။ ဒီနေ့ တိုင်းရင်းသားတွေ ဆွေးနွေးသွားတဲ့အထဲမှာ ရလဒ်တွေ ဘယ်လိုဖြစ်နေ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါကို တိုက်တွန်းရတဲ့သဘောပါပဲ။ အဲဒီတော့ ကယားတို့၊ ဘာတို့မှာ လုပ်နေတယ်ဆိုတာ တော်တော်ဝမ်းသာပါတယ်။ ဒါနဲ့ပတ်သက်လို့။ အဲဒီတော့ (၂၁) ရာစု ပင်လုံညီလာခံ ကြိုဆိုပါတယ်။ ဒီညီလာခံပြီးရင် ဖက်ဒရယ်ပြည်ထောင်စု ဟုတ်လား။ ဖက်ဒရယ် ပန်းတိုင်ရောက်မယ်။ အဲဒီ ဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ရောက်တဲ့အခါမှာ တိုင်းရင်းသားဒေသ တွေမှာ လူသားစွမ်းရည် အရင်းအမြစ်တွေရအောင် အခုကတည်းက တည်ဆောက်ပေးမှ။ ကြိုတည် ဆောက်ပေးမှ။ ကြိုတည်ဆောက်ထားခြင်းမရှိရင် ဖက်ဒရယ်ရတဲ့အခါမှာ လုပ်ရကိုင်ရတာ တော်တော် ခက်သွားလိမ့်မယ်။ အဲဒီတော့ ဒါကြောင့်မို့လို့ ဒီလိုရည်ရွယ်ချက်တွေနဲ့ ကျွန်တော်တို့က ဒီ အဆိုကို တင်တာဖြစ်ပါတယ်။

အဲဒီတော့ ဒီအဆိုဟာ အပြစ်ကင်းတဲ့အဆို၊ ဘယ်သူ့ကိုမှ ထိခိုက်စေချင်တဲ့ အဆို မဟုတ်ဘူး။ ဘယ်သူ့ကိုမှ အကျပ်အတည်းဖြစ်အောင် နှောင်လည်း လုပ်မှာမဟုတ်ဘူး။ ခုလည်း မလုပ် ပါဘူး။ ဒါပေမဲ့ ခုနကလိုပေါ့နော်။ လွှတ်တော်က လွှတ်တော်ရဲ့ ပုံစံအတိုင်း တော်တော်လေး အဆို လေးတွေ၊ မေးခွန်းလေးတွေ၊ သဘောက ဥပဒေကြမ်းလေးတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ကိစ္စ။ အမြဲတမ်း ကျွန်တော် ပူးပေါင်းဆောင်ရွက်တယ်။ အားလုံး လာမေးသမျှ အကုန် တတ်သမျှ မှတ်သမျှ ဖြေပါတယ်။ အဲဒီတော့ ဒီလို အဆိုမျိုးကို မှတ်တမ်းတင်ပါလို့ ပြောရင် လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ အခွင့်အရေး ဆုံးရှုံးပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ ဆန္ဒမဲခွဲ ဆုံးဖြတ်တာကို ကျွန်တော် ခံယူပါမယ်လို့ တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၂:၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းတဲ့ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်း ချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၈၂) မဲ၊ ကန့်ကွက်မဲ(၁၀၇) မဲ၊ ကြားနေမဲ(၇) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် ဦးခင်အောင်မြင့် ရဲ့ အဆိုကို အတည်မပြုကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၂:၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]